ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ တော်သလင်းလကွယ်၊ အင်္ဂါနေ့၊ (23-9-2014) (၇၉၇၂)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆော်ဒီအာရေဗျနိုင်ငံသို့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာ ဘင် အဗ္ဗဒူ(လ်) အဇစ် အယ်လ်ဆာ အု(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

### မိုးရွာသွန်းမှု

၂၂-၉-၂၀၁၄

| | |
|---|---|
| ရွှေကျင် | ၂ ဒသမ ၆၄ လက်မ |
| ပူတာအို | ၁ ဒသမ ၇၇ လက်မ |
| တမူး | ၁ ဒသမ ၇၇ လက်မ |
| မဒေါက် | ၁ ဒသမ ၂၆ လက်မ |
| ခွန်ဆိုး | ၁ ဒသမ ၁၈ လက်မ |

# နှစ်နိုင်ငံအကြား သတင်းအချက်အလက်၊ နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး H.E. Mr. Nguyen Bac Son အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးမြတ်ဟိန်း၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်နိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Thanh Dung လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား သတင်းအချက်အလက်၊ နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး H.E. Mr. Nguyen Bac Son အား လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

# ဖိတ်ခေါ်ပါသည် ဒို့ဌာနေဆီ



**ယမန်နှစ်က အင်းလေးဖောင်တော်ဦးဘုရားရုပ်ပွားတော်များ ဒေသစာရီကြွချီအပူဇော်ခံစဉ်။**

**ညောင်ရွှေ စက်တင်ဘာ ၂၂**

အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်ရှိ သဘာဝတောင်ပေါ် ရေကန်ကြီး တစ်ခုဖြစ်ကာ ကန်အတွင်းတည်ထားသော အင်းလေးဖောင်တော်ဦးဘုရားသည် နိုင်ငံတကာခရီးသွားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးပြည်သူအများ စိတ်ဝင်တစား ကြည်ညိုသဒ္ဓါပွား၍ လာရောက်ဖူးမြော်ကြသည့် ထင်ရှားသော ဘုရားဖြစ်သည်။

အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များ ဒေသစာရီကြွချီ အပူဇော်ခံပွဲကို နှစ်စဉ်သီတင်းကျွတ်လဆန်း ၁ ရက်မှ လပြည့်ကျော် ၃ ရက်အထိ စော်ဘွားကြီးများလက်ထက်မှစကာ ယနေ့ကာလအထိ အပူဇော်ခံရာဌာန ၂၁ ဌာန ထားရှိ အပူဇော်ခံခဲ့ပါသည်။

ထို့ကြောင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများက ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံမည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✿

# ကလေး-ပြောင်ဘုတ်-မော်လိုက်လမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်မည်

**ကလေး စက်တင်ဘာ ၂၂**

ကလေး-ပြောင်ဘုတ်-မော်လိုက်လမ်းမကြီးကို ယခုဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေမှ ကျပ်သန်းပေါင်း ၇၈၀ ဖြင့် ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဖြစ် ရှစ်မိုင်ကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာရုံးမှ ဦးမင်းထွန်းက ပြောသည်။

ကလေး-မော်လိုက်-ပြောင်ဘုတ်လမ်းမကြီးသည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးနှင့် ဆက်စပ်တည်ရှိပြီး မော်လိုက်မြို့အထိဆိုလျှင် ၃၃ မိုင်ကွာဝေးကြောင်း သိရသည်။ ယခုအခါ နိုင်ငံတော်မှ ထိုလမ်းကို မြေသားလမ်းအဖြစ်မှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် တစ်နှစ်ပြီးတစ်နှစ် အဆင့်မြှင့်တင်ပြုပြင်လျက်ရှိရာ အသုံးပြုသူများပြားလာသကဲ့သို့ ကားလေးများ၊ ဆိုင်ကယ်များဖြင့် မော်လိုက်မြို့သို့ သွားလာနေကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြောင်ဘုတ်လမ်းကောင်းမွန်လာမည်ဆိုပါက အမြင့်ပေ ၃၀၀၀ ကျော်တွင်တည်ရှိသည့် ကလေး၊ တမူး၊ မော်လိုက်မြို့တို့၏ ဂုဏ်ယူစရာဖြစ်သည့် လက်ဆေးကန်ကိုလည်း ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်သည်။

ကလေး-ပြောင်ဘုတ်-မော်လိုက်လမ်းသည် ဒုတိယကမ္ဘာစစ်ကာလက အင်္ဂလိပ်တို့ဖောက်လုပ်ခဲ့သော လမ်းမကြီးဖြစ်ရာ တမူးနယ်စပ်မှ ကလေးဝ၊ ချင်းတွင်းမြစ်ကမ်းနဖူးသို့ အမြန်ဆုံးရောက်နိုင်သော ဖြတ်လမ်းတစ်ခုဖြစ်ကာ စစ်ရေးအတွက် လျှို့ဝှက်စွာအသုံးပြုခဲ့သောလမ်းမကြီးဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



ပြည်တွင်းရေးရာ

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ Mr.KIM,Young Mok ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး H.E.Mr.LEE, Baek-Soon လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နေမှု၊ ငွေကြေးနှင့် နည်းပညာများ ပံ့ပိုးကူညီမှုဆိုင်ရာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အထူးအစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၄) ပထမနေ့ကို တိုင်းဒေသကြီး လွှတ်တော်ရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၄ ဦး တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို မေးမြန်းရာ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားကြသည်။

ထို့နောက် "ရန်ကုန်မြို့သစ်စီမံကိန်း"ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)က လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း၊ စီမံကိန်းအဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ လွှတ်တော်၏သဘောဆန္ဒရယူ၍ အဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သဘောတူဆုံးဖြတ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခဲ့သော အဆို(၃)ရပ်တွင် အဆိုတစ်ရပ်အား ရုပ်သိမ်းခြင်း၊ အဆိုနှစ်ရပ်အား လွှတ်တော်တွင် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

အဆိုပါ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးကျင်းပမှုအား မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင် ၉၃ ဦး တက်ရောက် လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြခန်းများနှင့် စိုက်ကွင်းများအား စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၂**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဧက(၉၀၀)ရှိ မြန်မာ့လယ်ယာထွက်ကုန် သစ်သီးဝလံများ၊ ဆန်စပါးသီးနှံများ၊ စက်မှုသီးနှံထုတ်ကုန်များပြခန်း၊ ဘူးစိုက်ခင်း၊ ဖရဲစိုက်ခင်း၊ ဝါဂွမ်းစိုက်ခင်း၊ ကြံစိုက်ခင်း၊ ကညွတ်စိုက်ခင်း၊ ပြောင်းချိုစိုက်ခင်းနှင့် နေကြာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သစ်တောထွက် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းပြခန်း၊ ပရိဘောဂပြခန်း၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်ကုန်ပြခန်းများ၊ ဆိုလာလျှပ်စစ်မီးစနစ် ပြခန်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ဟိုတယ်ဇုန်ရှိ Horizon Lake View Hotel ၌ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံများ၏ လယ်ယာနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ကျင်းပရာ အဆင့်မြင့်အရာရှိကြီးများက အသိုက်အဝန်းနိုင်ငံများအကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာထွက်ကုန်များ အပြန်အလှန်ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ❁ ဖိတ်ခေါ်ပါသည်မှ

ဌာနအလိုက် ရတနာစံကျောင်းတည်ဆောက်ကာ အမျိုးသားများက ဘုရားဆွဲလှေကြီးများဖြင့် တက်ညီလက်ညီ လှော်ခတ်ပင့်ဆောင်ပူဇော်ပုံများ၊ ရုပ်ပွားတော်မြတ်များအား ဆွမ်း၊ ပန်း၊ ရေချမ်းဆက်ကပ်ပူဇော်ခြင်း၊ ရိုးရာအတီးအမှုတ် အကအခုန်များဖြင့် ဖျော်ဖြေခြင်း၊ အင်းလေးရိုးရာစည်တော်ကြီးအကနှင့် ရေယာဉ်ယိမ်းအကတို့ဖြင့် တီးမှုတ်ကပြခြင်း၊ ဘုရားပွဲတော်ကာလအတွင်း ကျေးရွာအသီးသီးမှ ဒေသခံတိုင်းရင်းသားများ၏ စုပေါင်းညီညာမှုသရုပ်ကို ပေါ်လွင်စေသည့် လှေကိုခြေဖြင့်လှော်ခတ်ပြီး ယှဉ်ပြိုင်သည့် ရိုးရာလှေပြိုင်ပွဲများကိုလည်း ရှုစားရင်း ချစ်စဖွယ်မိမိတို့ အင်းသားလူမျိုး၏ ဓလေ့များကို လာရောက်လေ့လာနိုင်စေရန် ဖိတ်ခေါ်လိုက်ရပါသည်။

**ဝင်းမင်းသန်း(IPRD)**

### ❖ ရှေ့ဖုံးမှ

အင်္ဂလိပ်တို့သည် ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာတောင်ဘက်တွင် လေယာဉ်ကွင်းတစ်ခု တည်ဆောက်ပြီး ရိက္ခာပို့ကွင်းအဖြစ်အသုံးပြုကာ အဆိုပါ မော်လိုက်-ပြောင်ဘုတ်လမ်းမကြီးမှတစ်ဆင့် မော်လိုက်မြို့သို့ ရိက္ခာများပို့ဆောင်ရာ လမ်းမကြီးဖြစ်ကြောင်း သိရသည်။

ယခုအခါ မော်လိုက်မြို့သည် ကလေး-တမူး-ပြောင်ဘုတ်-မော်လိုက်လမ်း၊ မော်လိုက်-ကလေးဝလမ်းများ ပေါ်ပေါက်လာပြီဖြစ်သောကြောင့် ရေလမ်းခရီးသာမကဘဲ ကုန်းလမ်းခရီးကပါ မြန်မာနိုင်ငံအလယ်ပိုင်း မြို့ကြီးများသို့ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

# အလုပ်အကိုင်အခွင့်အလမ်းပေါ်များလာမှုနှင့်အတူ လူငယ်များ အင်္ဂလိပ်ဘာသာရပ်အပေါ် စိတ်ဝင်စားမှုများလာ

**ရန်ကုန် စက်တင်ဘာ ၂၂**

နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်လာကာ နိုင်ငံအတွင်း အင်ဂျင်နီယာ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာပြီး လူငယ်များအတွင်း အင်ဂျင်နီယာ ဘာသာရပ်အပေါ် စိတ်ဝင်စားမှု မြင့်တက်လာကြောင်း Glory အင်ဂျင်နီယာသင်တန်းကျောင်းမှ သိရသည်။

ဂျပန်နိုင်ငံ တိုကျိုအခြေစိုက် Tokyo University of Technology နှင့် Nippon Engineering College တို့မှလည်း Glory အင်ဂျင်နီယာသင်တန်းကျောင်းသို့လာရောက်ကာ အဆင့်မြင့်အင်ဂျင်နီယာဘာသာရပ် သင်ကြားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

Glory သင်တန်းကျောင်းမှ Principle ဦးကျော်စိုးမိုးက "Okayama နည်းပညာသိပ္ပံနှင့် ပူးပေါင်းပြီး မော်တော်ကားနည်းပညာဒီပလိုမာကို ကျွန်တော်တို့ Glory သင်တန်းကျောင်းမှာ ဖွင့်လှစ်ပို့ချနေပါတယ်၊ City & Guilds (UK) နှင့် ပူးပေါင်းပြီး အင်ဂျင်နီယာဘာသာရပ်အသစ်တွေ ပို့ချဖို့စီစဉ်နေပါတယ်"ဟု ပြောသည်။

Glory အင်ဂျင်နီယာသင်တန်းကျောင်းမှ အင်ဂျင်နီယာနည်းပညာများကို လေ့လာသင်ယူလိုသူများအတွက် ရည်ရွယ်ကာ Air-con, PLC, Instrument, Auto CAD သင်တန်းလေးမျိုးကို ပညာဒါနအဖြစ် သင်တန်းသား ၈၀ အား အခမဲ့ လက်ခံသင်ကြားပေးသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ ဖုန်း- ၀၉-၇၃၁၂၁၇၁၇၊ ၀၉-၅၁၉၇၈၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(မင်းခန့်စိုး)**



# ရာသီဥတုပြောင်းလဲမှုပြဿနာကို တပ်လှန့်နှိုးဆော် ကုလအကြီးအကဲအပါအဝင် ပြည်သူများ စုဝေးချီတက်

**နယူးယောက် စက်တင်ဘာ ၂၂**

ရာသီဥတုပြောင်းလဲမှုပြဿနာကို ကမ္ဘာ့နိုင်ငံများက အရေးကြီးသည့် ပြဿနာတစ်ရပ်အဖြစ် အရေးယူဆောင်ရွက်ကြရန် တပ်လှန့်နှိုးဆော်သည့်အနေဖြင့် ထင်ပေါ်ကျော်ကြားသော အနုပညာရှင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် လူထုလူတန်းစား အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ စက်တင်ဘာ ၂၁ ရက်ကစုဝေးကာ လူထုချီတက်ပွဲ ပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလာစီယို၊ ဟောလိဝုဒ်မင်းသား လီယိုနာဒိုဒီကာပရီယိုတို့ အပါအဝင် အကျော်အဒေးယျပုဂ္ဂိုလ်များသည် ပြည်သူများနှင့်အတူ နယူးယောက်မြို့ရှိ ဆဋ္ဌမရိပ်သာလမ်းအတိုင်း စုဝေးချီတက်ခဲ့ကြပြီး ဆန္ဒထုတ်ဖော်ခဲ့ကြသည်။


နယူးယောက်မြို့ရှိ လမ်းများပေါ်၌ လူပေါင်း ၆၀၀၀၀၀ အထိ စုဝေးခဲ့ကြကြောင်း၊ ရာသီဥတုပြောင်းလဲမှုပြဿနာကို မီးမောင်းထိုးပြရန် ရည်ရွယ်သည့် ကမ္ဘာတစ်ဝန်း လူထုဆန္ဒ ထုတ်ဖော်ပွဲများအနက် အင်အားအများဆုံးဖြစ်ပြီး သမိုင်းတွင် အကြီးကျယ်ဆုံး လှုပ်ရှားမှုတစ်ရပ်ဖြစ်ကြောင်း လူထုချီတက်ပွဲ စီစဉ်သူများက ပြောကြားကြသည်။

လက်တင်အမေရိကနှင့် ဥရောပနိုင်ငံများရှိ အဓိကမြို့ကြီးများတွင်လည်း ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လူထုချီတက်ပွဲများနှင့် လူထုစည်းဝေးပွဲများကို ကျင်းပခဲ့ကြသည်။ အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံတို့ အပါအဝင် ကမ္ဘာ့နိုင်ငံများမှ ပြည်သူများသည် နယူးယောက်မြို့၌ စက်တင်ဘာ ၂၃ ရက်တွင်ကျင်းပမည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ထိပ်သီးညီလာခံအကြို ဆန္ဒထုတ်ဖော်ကြခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ အဆိုပါ ထိပ်သီးညီလာခံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အိမ်ရှင်အဖြစ် တာဝန်ယူကာ ကျင်းပမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှု ပြဿနာကို အလေးပေးကိုင်တွယ် ဆောင်ရွက်ရာ၌ တိုက်တွန်းနှိုးဆော်သည့် လူထုချီတက်ပွဲများကို ကမ္ဘာတစ်ဝန်း နေရာပေါင်း ၂၀၀၀ ကျော်တွင် ကျင်းပခဲ့သည်။ **ရိုက်တာ။**



ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လူထုချီတက်ပွဲတွင် ကုလသမဂ္ဂအကြီးအကဲ ဘန်ကီမွန်းအား တွေ့ရစဉ်။



# ယီမင်အစိုးရတပ်ဖွဲ့နှင့် သူပုန်တို့ တိုက်ခိုက်မှုရပ်ဆိုင်းရန် သဘောတူညီ

**ဆာနား(ယီမင်) စက်တင်ဘာ ၂၂**

ယီမင်အစိုးရနှင့် ရှီးယားသူပုန်တို့သည် ပြည်သူ ၁၄၀ ကျော် အသက်ဆုံးရှုံး၍ ထောင်ပေါင်းများစွာ ၎င်းတို့နေအိမ်များကို စွန့်ခွာထွက်ပြေးစေခဲ့သော အကြမ်းဖက်တိုက်ခိုက်ခြင်းများ ရပ်ဆိုင်းသွားစေရန် ရည်ရွယ်သည့် သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့်ရက်သတ္တပတ် နောက်ဆုံးရက်များတွင် ယီမင်ဆိုင်ရာ ကုလသမဂ္ဂသံတမန် ဂျာမားလ်ဘီနိုမာ၏ ကြားဝင်စေ့စပ်ပေးမှုကြောင့် အဆိုပါသဘောတူညီချက် ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းတွင် ချက်ချင်းအပစ်အခတ်ရပ်စဲရေးနှင့် တစ်လအတွင်း အတတ်ပညာရှင်များ ပါဝင်သော အစိုးရအဖွဲ့ဖွဲ့စည်းရေးတို့ ပါဝင်သည်။

လမ်းတိုင်းလမ်းတိုင်း၌ ဖြစ်ပွားလျက်ရှိသည့် သွေးထွက်သံယိုမှုများအား ရပ်ဆိုင်းရေးအတွက် ၎င်းတို့သည် အဆိုပါသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ခန်းမအတွင်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံတွင်း၌ ဖြစ်ပျက်နေမှုများကို ဘုရားသခင်က ကျေနပ်နှစ်သက်မည် မဟုတ်ကြောင်း၊ ပြည်သူအားလုံးအတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်း၊ အပစ်အခတ်ရပ်စဲရေးအတွက် ၎င်းတို့ တာဝန်ယူရမည်ဖြစ်ကြောင်း ယီမင်သမ္မတ အဘက်ရက်ဘိုမန်ဆိုအာဟာဒီက ပြောကြားခဲ့သည်။ **ဘီဘီစီ။**

# အိမ်ဖြူတော်လုံခြုံရေး အစီအစဉ်သစ် ထောက်လှမ်းရေးဌာန စဉ်းစားသုံးသပ်

**ဝါရှင်တန် စက်တင်ဘာ ၂၂**

အမေရိကန်အိမ်ဖြူတော်၏ အရှေ့ဘက်မျက်နှာစာရှိ အများပြည်သူ ဝင်ထွက်သွားလာနိုင်သော နေရာဒေသများသို့ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခြင်းမရှိမီ စစ်ဆေးရေးဂိတ်များ၌ ၎င်းတို့ကို လုံခြုံရေးအရ စိစစ်ရန်ကိစ္စနှင့်ပတ်သက်၍ ထောက်လှမ်းရေးဌာနက စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၂ ရက်က သတင်းထုတ်ပြန်သည်။

အိမ်ဖြူတော်အဆောက်အအုံ မြောက်ဘက်မြက်ခင်းပြင်တွင် ထောက်လှမ်းရေးဌာန အရာရှိများကို တွေ့ရစဉ်။



စက်တင်ဘာ ၁၉ ရက်က ဓားတစ်ချောင်းသယ်ဆောင်လာသော အမျိုးသားတစ်ဦးသည် ပင်ဆယ်လ်ဗေးနီးယားရိပ်သာလမ်းရှိ ခြံစည်းရိုးကို ကျော်ဖြတ်ကာ သမ္မတအိမ်တော်၏ ရှေ့တံခါးပေါက်ကိုဖြတ်သန်း၍ ဝင်ရောက်လာခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် အိမ်ဖြူတော်လုံခြုံရေးကိုတိုးမြှင့်ရန် ထောက်လှမ်းရေးဌာနက စီစဉ်လျက်ရှိကြောင်း တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများက ပြောကြားကြသည်။

သမ္မတရုံးနှင့် သမ္မတအိမ်တော်တို့တည်ရှိရာ အိမ်ဖြူတော် လုံခြုံရေးအတွက် အနီးဝန်းကျင်၌ စစ်ဆေးရေးဂိတ်များကို ထောက်လှမ်းရေးဌာနက ဖွင့်လှစ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ထောက်လှမ်းရေးဌာနမှ စုံထောက်များသည် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ကာ အိတ်များအတွင်း ပေါက်ကွဲစေနိုင်သော ပစ္စည်းများနှင့် လက်နက်များကို ယူဆောင်လာခြင်း ရှိမရှိ ရှာဖွေစစ်ဆေးမည်ဖြစ်သည်။

အိမ်ဖြူတော်လုံခြုံရေး စီမံချက်များအား မည်သည့်အချိန်တွင် စတင်မည်ကို မသိရသေးပေ။ အမေရိကန်ဥယျာဉ်များ လုံခြုံရေးရဲတပ်ဖွဲ့၊ အိမ်ဖြူတော်၏ သမိုင်းကြောင်းဆိုင်ရာ သုတေသနအဖွဲ့၊ ဝါရှင်တန်မြို့တော်ရဲတပ်ဖွဲ့နှင့် ထောက်လှမ်းရေးဌာနတို့သည် အိမ်ဖြူတော်လုံခြုံရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများ ဖြစ်ကြသဖြင့် လုံခြုံရေးစီမံချက်များကို အသစ်ရေးဆွဲရာတွင် အရှုပ်အထွေးများ ရှိနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ပီတီအိုင်။**

# အင်္ဂါဂြိုဟ်ပတ်လမ်းအနီးသို့ အိန္ဒိယ စူးစမ်းရေးယာဉ် ရောက်ရှိ

**ဘင်္ဂလို စက်တင်ဘာ ၂၂**

အိန္ဒိယနိုင်ငံ၏ အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး အာကာသယာဉ်သည် ယင်းဂြိုဟ်၏အနီးဝန်းကျင်ဒေသသို့ ရောက်ရှိနေပြီး စီစဉ်ထားသည့်အတိုင်း ဂြိုဟ်ပတ်လမ်းအတွင်းသို့နောက် ၄၈ နာရီအကြာတွင် ဝင်ရောက်မည်ဖြစ်ကြောင်း အိန္ဒိယ အာကာသအေဂျင်စီက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ဘင်္ဂလိုမြို့ရှိ အိန္ဒိယအာကာသအေဂျင်စီ၏ ထိန်းချုပ်ရေးခန်းမကို တွေ့ရစဉ်။



မန်ဂလာယန်းဟု အမည်ပေးထားသည့် အဆိုပါ အာကာသယာဉ်ကို ယမန်နှစ် နိုဝင်ဘာလက လွှတ်တင်ခဲ့ပြီး စက်တင်ဘာ ၂၄ ရက်တွင် ဂြိုဟ်ပတ်လမ်းအတွင်းသို့ ဝင်ရောက်ချိန်အထိ ရက်ပေါင်း ၃၀၀ ခရီးနှင်ခဲ့ရသည်။

အိန္ဒိယနိုင်ငံ၏ အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးမစ်ရှင် အောင်မြင်ပါက အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့်ဥရောပ အာကာသအေဂျင်စီတို့ပြီးလျှင် အင်္ဂါဂြိုဟ်သို့ စူးစမ်းလေ့လာရေးယာဉ် စေလွှတ်နိုင်သည့် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာမည်ဆို၏။

အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်၏ဆွဲအားသက်ရောက်သော ရပ်ဝန်းအတွင်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း အိန္ဒိယအာကာသအေဂျင်စီက ပြောကြားသည်။

စက်တင်ဘာ ၂၂ ရက် နှောင်းပိုင်းတွင် အဆိုပါ အာကာသယာဉ်၏ အဓိကအင်ဂျင်စက်ကို လေးစက္ကန့်ကြာ စမ်းသပ်နှိုးကြည့်ခဲ့ရာ အောင်မြင်မှုရရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

# အာဖကာခွဲဝေရေး သဘောတူညီချက်ရရှိ ဒေါက်တာဂါနီ အာဖဂန်သမ္မတဖြစ်လာမည်

**ကဘူး စက်တင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ အာဏာခွဲဝေရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးနောက် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဒေါက်တာအက်ရှ်ရက်ဖ်ဂါနီ အာမက်ဇိုင်းအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူအဖြစ် ၎င်း၏အတိုက်အခံက အသိအမှတ်ပြုလိုက်ရာ လပေါင်းအတန်ကြာဖြစ်ပေါ်ခဲ့သော ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂါနီနှင့် ၎င်း၏ပြိုင်ဘက် အဗ္ဗဒူလာ အဗ္ဗဒူလာတို့ ရရှိခဲ့သော နိုင်ငံရေး သဘောတူညီချက်တစ်ရပ်အရ အပြီးသတ်မဲစာရင်းရလဒ်ကို ထုတ်ပြန်ကြေညာခြင်းမရှိပေ။ အဗ္ဗဒူလာသည် နိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်ပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုများ ပြုလုပ်ခဲ့သည်ဟု ဂါနီအားစွပ်စွဲခဲ့သူဖြစ်သည်။

အာဖဂန်ရွေးကောက်ပွဲကော်မရှင်သည် ဒေါက်တာဂါနီအား သမ္မတအဖြစ် ထုတ်ပြန်ကြေညာကြောင်း အဆိုပါကော်မရှင်အကြီးအကဲ အာမက်ယူဆွတ်နူရီစတန်နီက ပြောကြားသည်။ အာဏာခွဲဝေရေး သဘောတူညီချက်အရ အဗ္ဗဒူလာက အစိုးရအဖွဲ့၏ အမှုဆောင်အရာရှိချုပ်ရာထူးကို ရရှိမည်ဖြစ်သည်။ **ရိုက်တာ။**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြေယာသိမ်းဆည်းခြင်းဆိုင်ရာကိစ္စရပ်များကို စေ့စေ့စပ်စပ်လေ့လာစုံစမ်းပြီး အမှန်တရားကိုဖော်ထုတ်၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေး


ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဦးရဲထွဋ်နှင့် ဒေါက်တာသန်းအောင်တို့က ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်အဖွဲ့ဝင် ဒေါ်နန်းစေအွာက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အပေါ် ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းအစီရင်ခံစာတွင် တပ်မတော်တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်သိမ်းမြေအဖြစ် သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ လျော်ကြေး၊ နစ်နာကြေးပေးရာတွင် ကာလဒေသ၏ ပေါက်ဈေးနှင့်အညီပေးလျော်ရန်၊ တပ်အရွယ်အစားအရ လိုအပ်သလောက်သာ သိမ်းဆည်းရန်၊ ပိုမိုသိမ်းဆည်းထားသည့် မြေပေါ်တွင် သီးစားခရယူပြီး အငှားချထားခြင်းမပြုရန်၊ တပ်ဝင်းနှင့် တစ်ဆက်တစ်စပ်တည်းမရှိသောနေရာများတွင် သိမ်းဆည်းခဲ့သော မြေများကို သက်ဆိုင်ရာ ပိုင်ရေးဆိုင်ခွင့်ရှိသူများသို့ ပြန်လည်ပေးရန်လိုအပ်ပါကြောင်း။

မြို့ပြများ တိုးချဲ့တည်ဆောက်ခြင်းနှင့် စက်မှုဇုန်များ တည်ဆောက်ခြင်းအတွက် သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ မြေကြီး၊ မြေပုံကွဲလွဲမှုရှိနေသည့်အတွက် မြေပြင်တွင် ပြန်လည်တိုင်းတာ၍ သိမ်းဆည်းခြင်းဆိုင်ရာကိစ္စများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပေးရန်၊ သိမ်းဆည်းစဉ်က ကာလပေါက်ဈေးနှင့်အညီ ပေးလျော်ရန်၊ စီမံကိန်း၊ စီမံချက်၏ ရည်မှန်းချက်များအတိုင်း ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ စီမံကိန်းပျက်ပြယ်သွားခြင်း၊ စီမံကိန်းဆောင်ရွက်ရန် မလိုအပ်တော့ခြင်းများ ဖြစ်ပေါ်ပါက ထိုမြေကို မူလပိုင်ရှင် တောင်သူလယ်သမားများသို့ လွှဲပြောင်းပေးအပ်ရန်(သို့မဟုတ်)နိုင်ငံတော်အစိုးရက ပြန်လည်သိမ်းဆည်းပြီး ဥပဒေနှင့်အညီ စီမံခန့်ခွဲရန်၊ စီမံကိန်းများ၏ မူလရည်မှန်းချက်များအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် ကျန်ရှိနေသော မြေများပေါ်တွင် စီမံကိန်းဆက်လက်ဆောင်ရွက်မည်ဆိုပါက မူလပိုင်ရှင်တောင်သူများသို့ ကာလဒေသပေါက်ဈေးနှင့်အညီ လျော်ကြေး၊ နစ်နာကြေးနှင့် အခြားထောက်ပံ့မှုများပေးရန်၊ မြို့ပြတိုးချဲ့နှင့် စက်မှုဇုန်ကဲ့သို့သော မြေသိမ်းမှုပြဿနာများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်၍ လုပ်ပိုင်ခွင့်ရ ကုမ္ပဏီများနှင့် တောင်သူလယ်သမားများ သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပြီး ကုမ္ပဏီနှင့်တောင်သူများ နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရေးအတွက် ဖြေရှင်းဆောင်ရွက်ပေးရန်၊ လ/န(၃၉) ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကုမ္ပဏီများမှ တောင်သူများသို့ ကာလပေါက်ဈေးဖြင့် လျော်ကြေးပေးရန်နှင့် အခြားထောက်ပံ့မှုများ ဆောင်ရွက်ပေးရန်၊ လ/န(၃၉)ခွင့်ပြုချက်ရရှိပြီး အသုံးပြုခြင်းမရှိသော မြေဧရိယာများကို နိုင်ငံတော်အစိုးရထံ ပြန်လည်အပ်နှံရန်နှင့် မြေအသုံးချခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရကသာ စီမံခန့်ခွဲရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြေယာသိမ်းဆည်းခြင်းဆိုင်ရာကိစ္စရပ်များ စုံစမ်းဖြေရှင်းရေးအဖွဲ့များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများဖြင့် ပူးပေါင်းဖွဲ့စည်းပြီး စုံစမ်းသင့်ပါကြောင်း၊ စုံစမ်းရေးအဖွဲ့များသည် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အချိန်ယူ၍ နှံ့နှံ့စပ်စပ်ကွင်းဆင်းကာ စေ့စေ့စပ်စပ်လေ့လာစုံစမ်းပြီး အမှန်တရားကို ဖော်ထုတ်၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်၊ စက်မှုဇုန်တည်ဆောက်ရန်အတွက် မြေသိမ်းဆည်းမှုများသည် မူလရည်မှန်းချက်အတိုင်းအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည့်အတွက် ထိုကဲ့သို့သော စက်မှုဇုန်များကို ဆက်လက်အကောင်အထည်ဖော်မည်ဆိုပါက လျော်ကြေး၊ နစ်နာကြေးနှင့် အခြားအခွင့်အရေးများ ပေးရန်၊ ဆက်လက်ဆောင်ရွက်ရန် မရှိတော့ပါက မူလတောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးရာတွင် တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများ ပါရှိသွားခြင်း၊ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းနှင့် နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းနှင့် ပတ်သက်၍ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများဖြစ်သည့် ဂုန်နီစက်ရုံ၊ သကြားစက်၊ ချည်မျှင်နှင့်အထည်စက်ရုံ၊ သံမဏိစက်ရုံ၊ သစ်ဆိမ့်စိုက်ပျိုးရေးနှင့် ဆီစက်၊ သစ်စက်များတည်ဆောက်ရာတွင် စက်ရုံအဆောက်အအုံနှင့် ကုန်ကြမ်းစိုက်ပျိုးရေးအတွက် မြေများ သိမ်းဆည်းခဲ့သော်လည်း စက်ရုံများမှ အနည်းငယ်သာ စိုက်ပျိုးနိုင်ပြီး ကိုယ်တိုင်စိုက်ပျိုးနိုင်ခြင်း မရှိသည့်မြေများကို သီးစားချထားမည့်အစား တောင်သူများအား ပြန်လည်လွှဲပြောင်းပေးရန် လိုအပ်ပါကြောင်း။

ကော်မရှင်၏ တင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ကို အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက တာဝန်ယူ၍ မြေသိမ်းဆည်းခံရသူများ နစ်နာမှုမရှိစေရေးအတွက် ဖြေရှင်းဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ သို့ရာတွင် လွှတ်တော်ကအတည်ပြုဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်များမှာ ပကတိအခြေအနေတွင် အောက်ခြေ၌ ခရီးမရောက်၊ အရာမထင်ဘဲ ထိရောက်သော ဖြေရှင်းပေးမှုများမရှိကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ကော်မရှင်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ တိုင်ကြားစာပေါင်း (၂၆၈၉) စောင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားစာပေါင်း(၆၅၅၉) စောင်၊ တိုင်ကြားစာစုစုပေါင်း (၉၂၄၈)စောင်လွှဲပြောင်းပေးပို့ပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ သဝဏ်လွှာအရ ကာကွယ်ရေးဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့် တိုင်ကြားစာပေါင်း (၅၈၃)စောင်ကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် စပ်လျဉ်းသည့် တိုင်ကြားစာပေါင်း (၂၉၉)စောင်ကိုလည်းကောင်း တိုင်ကြားစာစုစုပေါင်း(၈၈၂)စောင် မြေဧကပေါင်း (၅၁၀၆၃၃ ဒသမ ၉၇၄)ဧက ဖြေရှင်းပြီးစီးခဲ့သည်ကို သိရှိရပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

လွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေတွင် မပါရှိသော နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကို ဖြည့်စွက်တင်သွင်းရန်လိုအပ်ခြင်း၊ လက်ရှိဖြစ်ပေါ်နေသော အငြင်းပွားမှုများ၊ အလုပ်သမားဆန္ဒပြမှုများ၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့၏ ဆုံးဖြတ်ချက်ကို လိုက်နာခြင်းမရှိခြင်းတို့ကြောင့် ဥပဒေစည်းနှောင်အားပိုမိုကောင်းမွန်စေရန် ထိရောက်မှုရှိသော ပြစ်ဒဏ်များ လိုအပ်ခြင်း စသည်တို့ကြောင့် ပြင်ဆင်ရခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွှတ်တော်နာယက က ယင်းဥပဒေကြမ်းအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လွှတ်တော်၏ သဘောထားတို့ကို ရယူ၍တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းတို့အား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လွှတ်တော်၏ သဘောထားကို ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုကြောင်း ကြေညာသည်။

**(သတင်းစဉ်)**







# ရခိုင်ပြည်နယ်သည် စီးပွားရေးရင်းနှီးမြှုပ်နှံရန် အလွန်သင့်လျော်သည့် ဒေသတစ်ခုဖြစ်လာမည်

**မြန်မာ့သတင်းစဉ်သတင်းအဖွဲ့**

ရခိုင်ပြည်နယ်သည် နိုင်ငံတကာနှင့် ဆက်သွယ်သွားလာ ဝင်၊ ထွက်နိုင်သည့် ပင်လယ်ကမ်းခြေ၊ ကြွယ်ဝသည့် သဘာဝသယံဇာတများ၊ ခရီးသွားလုပ်ငန်းအတွက် တန်ဖိုးရှိသည့် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ၊ ဈေးကွက်ကြီးမားသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်မှုရှိနေခြင်းစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေသော အခြေခံကောင်းများကို ပိုင်ဆိုင်ထားပါသည်။

သို့ဖြစ်၍ လတ်တလောလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးစသည့် အခြေခံအဆောက်အအုံများကို ထပ်မံဖြည့်ဆည်းပြီးပါက ရခိုင်ပြည်နယ်သည် စီးပွားရေးရင်းနှီးမြှုပ်နှံရန် အလွန်သင့်လျော်သည့် ဒေသတစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်နှစ်ကျော်က သာမန်ပြစ်မှုတစ်ခုမှ စတင်ဖြစ်ပွားခဲ့သည့် လူ့အသိုက်အဝန်းနှစ်ခုအကြား ပဋိပက္ခကြောင့် နေအိမ်အဆောက်အအုံ အများအပြား ဖျက်ဆီးခံရပြီး လူရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ရကာ ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေကြရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းတည်ငြိမ်မှုရှိပြီး လူ့အသိုက်အဝန်းနှစ်ခုစလုံးမှ တစ်ခုတည်းသောနည်းလမ်းအပေါ် လက်ခံလာမည့် အကောင်းဆုံးအချိန်ကို စောင့်ဆိုင်းနေသည့်ကာလ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဘက်စုံထောင့်စုံမှ ဆောင်ရွက်လျက်ရှိပါသည်။ လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရန်ဆောင်ရွက်မှုများအနက် လျှပ်စစ်မီးရရှိရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်ရာ နိုင်ငံတော်ဓာတ်အားလိုင်းမှ ရခိုင်ပြည်နယ်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ယခင်က ရခိုင်ပြည်နယ်သို့ နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိသဖြင့် ဒီဇယ်ဓာတ်အားပေးစက်များ၊ စပါးခွံဓာတ်အားပေးစက်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ရပါသည်။

၂၀၁၄ ခုနှစ် ဇွန် ၅ ရက်တွင်နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် ပထမဆုံး သံတွဲမြို့သို့ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဇွန် ၁၂ ရက်တွင် တောင်ကုတ်မြို့နှင့် ယခုအခါ အမ်းမြို့တို့ကိုလည်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဒီဇင်ဘာလတွင် စစ်တွေမြို့အပါအဝင် ကျေးရွာအချို့တွင်ပါ ဓာတ်အားသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများ ဓာတ်အားရရှိရန်အတွက် ၂၃၀ ကေဗွီဓာတ်အားလိုင်း ခြောက်လိုင်း၊ ၂၃၀ ကေဗွီဓာတ်အားလိုင်း နှစ်လိုင်းသွယ်တန်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများသို့ ဓာတ်အားပို့လွှတ်သွားမည်ဖြစ်ပါသည်။

ပဏာမအနေဖြင့် ၂၀၁၄ခုနှစ် ဩဂုတ် ၂၈ ရက်တွင် တောင်ကုတ်မှ အမ်းမြို့အထိ ၂၃၀ ကေဗွီဓာတ်အားလိုင်း



ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း ကျောက်ဖြူသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်း (OGT) ကို တွေ့ရစဉ်။

၂၃၀ ကေဗွီဓာတ်အားခွဲရုံ လေးရုံ၊ ၆၆ကေဗွီ ဓာတ်အားလိုင်း ၁၂ လိုင်း၊ ၆၆ ကေဗွီဓာတ်အားခွဲရုံ ၁၄ ရုံတို့ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ လက်ရှိတွင် ဓာတ်အားစနစ်သည် ပြည်တစ်ဖက်ကမ်းရှိ ဥသျှစ်ပင်ကျေးရွာသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ထိုဓာတ်အားစနစ်ကို ရခိုင်ပြည်နယ်သို့ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် ဥသျှစ်ပင်မှ တောင်ကုတ်ဓာတ်အားခွဲရုံသို့ ၂၃၀ ဓာတ်အားလိုင်းတည်ဆောက်ပြီးဖြစ်ပါသည်။ တောင်ကုတ်မှတစ်ဆင့် ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တစ်လိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ရောက်ရှိသွားပြီဖြစ်ပြီး အမ်းမြို့တွင် ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံကြီးလည်း တည်ဆောက်၍ ဓာတ်အားပို့လွှတ်နေပြီဖြစ်ပါသည်။ သံတွဲမြို့ကိုလည်း ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် တောင်ကုတ်မှ ရခိုင်ပြည်နယ်တောင်ပိုင်း ကျောက်ဖြူ၊ မတဲကျွန်း စသည့်မြို့များသို့ ဓာတ်အားရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းမြို့တို့သို့ ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိတွင် ၄၀ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးနေပြီဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းတွင် ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှတစ်ဆင့် ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်စသည့်မြို့များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် သတ်မှတ်ချိန်အမီ ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို အပူတပြင်းဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ရခိုင်ပြည်နယ်၏ ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ခဲ့ပြီး မြေမျက်နှာသွင်ပြင်အရ တောင်ကုန်းတောင်တန်းများထူထပ်ကာ ဒီရေတောတွေများပြားသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးကြုံတွေ့ရကြောင်း၊ သို့ရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် အောင်မြင်အောင်ဆောင်ရွက်မည်ဆိုသည့် စိတ်ခွန်အားများဖြင့် တည်ဆောက်လျက်ရှိကြောင်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသူရအောင်ဘိုနှင့် စီမံကိန်းမန်နေဂျာ -၁ အင်ဂျင်နီယာမှူးကြီး ဦးမင်းနိုင်တို့၏ပြောပြချက်များအရ သိရသည်။

ထို့ပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖြန့်ဖြူးရေးအပိုင်းအတွက် လုပ်ငန်းစုစုပေါင်း ၇၇ မျိုး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဓာတ်အားသုံးစွဲမှုမြင့်မားလာသည်နှင့်အမျှ လျှပ်စစ်ဘေးအန္တရာယ်ကင်းအောင်လည်း စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဓာတ်အားပျောက်ဆုံးမှုမရှိအောင် အကာအကွယ်ပါသည့် ဝါယာကြိုးများကို အသုံးပြုခြင်း၊ ဓာတ်ကြိုးနှင့် မလွတ်သည့်အပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းများလည်း ဆောင်ရွက်နေကြောင်း သိရပါသည်။

နယ်မြေဒေသတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးဆောင်ရွက်လာနိုင်ပြီဖြစ်ရာ မဝေးတော့သည့်ကာလတွင် ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းမှ ပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပိုမိုရရှိခံစားလာနိုင်မည်ဟု ယုံကြည်မိပါတော့သည်။ ။

## ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး တိုးချဲ့ပညာပေး ဆွေးနွေးဟောပြော

**သဲကုန်း စက်တင်ဘာ ၂၂**

သဲကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော Treelympics သစ်ပင်စိုက်ပျိုးပွဲတော်နှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးတိုးချဲ့ပညာပေးဆွေးနွေးဟောပြောပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီက သဲကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအောင်သူက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲကို သဲကုန်းမြို့ သီတဂူတပ်ရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းကျင်းပရာ ကျွန်း ၈၂ ပင်၊ မဟော်ဂနီ ၁၃ ပင်၊ ယူကလစ် ငါးပင်၊ ပျဉ်းကတိုး ငါးပင် စုစုပေါင်း ၁၀၅ ပင်တို့ကို အခမ်းအနားတက်ရောက်လာသူများက တပျော်တပါးစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။


**(မြို့နယ်ပြန်/ဆက်)**


## ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်း


**မော်လမြိုင် စက်တင်ဘာ ၂၂**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်၊ စခန်းမှူး ဒုတိယရဲမှူး စိုးအောင် ဦးစီးသော တပ်ဖွဲ့များသည် စက်တင်ဘာ ၁၉ ရက်က သံဖြူဇရပ်မြို့ အောင်သာယာရပ်ကွက်ရှိ ဘိုးဘွားရိပ်သာအတွင်း၊ အပြင် သန့်ရှင်းရေးနှင့် အဘိုးအဘွား တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြပြီး စက်တင်ဘာ ၂၀ ရက်ကလည်း သံဖြူဇရပ်မြို့ရှိ ဆေးရုံအတွင်း၊ အပြင်နှင့် ဆေးရုံပတ်ဝန်းကျင် ရေစီးရေလာကောင်းမွန်စေရေးအတွက် စုပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။ ထို့ပြင် စက်တင်ဘာ ၂၁ ရက်က မော်လမြိုင်မြို့မရဲတပ်ဖွဲ့စခန်း စခန်းမှူး ဒုတိယရဲမှူး လှခိုင်ဦးစီးသော အဖွဲ့သည် အချုပ်ခန်းနှင့် စခန်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

**(၃၀၇)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# အဝေးပြေးမော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုများ သိသိသာသာ လျော့နည်းကျဆင်းခဲ့သည်ကို စိစစ်တွေ့ရှိရ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက်(၁၀)နာရီတွင် ကျင်းပခဲ့ပြီး ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၏ **စွန့်ပစ်မိဘမဲ့ကလေးများကို သတ်မှတ်စည်းကမ်းများအတိုင်း မွေးစားခွင့်ပြုရာတွင် ကလေး၏မွေးစာရင်း၌ မွေးစားမိဘများ၏အမည်ကို ထည့်သွင်းဖော်ပြရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျန်းမာရေးဦးစီးဌာနသည် မွေးဖွားမှု/သေဆုံးမှု မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရာ၌ ၂၀၀၂ ခုနှစ် စက်တင်ဘာ (၂၅)ရက်စွဲဖြင့် ဗဟိုစာရင်းအင်းအဖွဲ့ ဖွား/သေစာရင်းအင်းဌာနစိတ်တွင် ထုတ်ဝေထားသော ဖွား/သေမှတ်ပုံတင်အရာရှိများအတွက် လက်စွဲစာအုပ်ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရပါကြောင်း။

စွန့်ပစ်မိဘမဲ့ကလေးများကို သတ်မှတ်စည်းကမ်းများအတိုင်း မွေးစားခွင့်ပြုရာတွင် ကလေး၏ မွေးစာရင်း၌ မွေးစားမိဘများ၏အမည်ကို ထည့်သွင်းဖော်ပြရန်ကိစ္စနှင့်ပတ်သက်၍ မွေးဖွားမှုမှတ်ပုံတင်ခြင်းနှင့် မွေးစာရင်း(မွေးလက်မှတ်)သည် ကလေး၏ဘဝတွင် အရေးကြီးသောအကြောင်းအရာတစ်ရပ်ဖြစ်ပြီး ၎င်းကလေး၏မိဘ၊ နိုင်ငံတော်စသည့်ဆက်နွှယ်မှုများကို ဖော်ပြသဖြင့် မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို အသုံးဝင်သော အထောက်အထားဖြစ်စေပါကြောင်း၊ လက်ရှိတွင် မိဘအရင်း၏အမည်များကိုသာ ရေးသွင်းခွင့်ပြုထားပါကြောင်း၊ ကလေး၏မွေးစာရင်း(မွေးလက်မှတ်)တွင် မွေးစားမိဘအမည်ကို ရေးသွင်းခွင့်ပြုထားခြင်း မရှိပါကြောင်း၊ ယင်းကိစ္စရပ်ကို အထူးကိစ္စရပ်အနေဖြင့် ဖွားသေ



ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်။

မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်နေသည့် နီးနွှယ်ဆက်စပ်နေသည့်ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

သပိတ်ကျင်း မဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့်၏ **တကောင်း၊ ပုဂံ၊ အင်းဝ၊ မိုင်းမောနှင့် မြောက်ဦး အစရှိသော အရေးကြီးသည့် ရှေးဟောင်းဒေသများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရှိ တကောင်းနှင့် ပင်လယ်(ခေါ်) မိုင်းမောပျူမြို့ဟောင်းများ၊ ပုဂံ၊ အင်းဝ၊ ရခိုင်ပြည်နယ်ရှိ မြောက်ဦး အစရှိသော ထင်ရှားသည့် ရှေးဟောင်းဒေသများကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရေးတို့နှင့်ပတ်သက်၍ ယခုအခါ ပုဂံယဉ်ကျေးမှုအမွေအနှစ်အတွက် စတင်ပြင်ဆင်နေပြီ ဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်ရရှိရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များ ရှိရမည်ဖြစ်သကဲ့သို့ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အဆင့်များသည် ကျယ်ပြန့်နက်နဲလှပါကြောင်း၊ အနည်းဆုံး (၃) နှစ်မှ (၄)နှစ်ကြား ကြာမြင့်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မဖြစ်မီနှင့် ဖြစ်ပြီး စီမံခန့်ခွဲရေးဆိုင်ရာ အပိုင်းများသည် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီရမည်ဖြစ်ပြီး လိုက်နာရန်ကန့်သတ်ချက်များလည်း များစွာရှိပါကြောင်း၊ ဝန်ထမ်းအင်အား၊ ပြည်သူလူထုအင်အား၊ ဒေသခံတို့အား၊ ငွေကြေးရန်ပုံငွေ၊ စွမ်းဆောင်နိုင်မှုများ လိုအပ်သကဲ့သို့ အစိုးရ၊ ပြည်သူလူထုနှင့် လုပ်ငန်းရှင်၊ တာဝန်ရှိအဖွဲ့များ နားလည်စွာ ပူးပေါင်းဆောင်ရွက်မှု၊ တွန်းအားပေးမှုများကလည်း အရေးကြီးပါကြောင်း။

အထူးသဖြင့် လူနေထိုင်မှုနေရာများနှင့် ရောယှက်နေပါက ပိုမိုနက်နဲခက်ခဲလှပါကြောင်း၊ ယခုနှစ်ပိုင်းတွင် ပုဂံကို စတင်ဆောင်ရွက်လျက်ရှိပြီး ကျန်အမွေအနှစ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍနှင့် ပတ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်



သပိတ်ကျင်း မဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့်။

မောင်က ပြန်လည်ဖြေကြားခဲ့သည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ၏ **အဝေးပြေးကားဂိတ်များရှိ ယာဉ်များအား မည်သို့စစ်ဆေးအရေးယူနေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းထားသော ဗဟိုကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး အဖွဲ့အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ပြေးဆွဲနေကြသော ခရီးသည်ပို့ဆောင်ရေး ယာဉ်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်ရေးနှင့် ယာဉ်မတော်တဆဖြစ်ပွားမှု အန္တရာယ်များမှ ကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များကို ဒေသအလိုက်ဖွဲ့စည်း၍ ခရီးသည် ပို့ဆောင်ရေးယာဉ်များကို ခရီးမထွက်ခွာမီ စစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားထားရှိပြီး တိုင်းဒေသကြီး/ ပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့များမှလည်း ညွှန်ကြားချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ကြိုတင်ကာကွယ်စစ်ဆေးခြင်းလုပ်ငန်းကို ပူးပေါင်းအဖွဲ့များဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သည့်အတွက် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးတွင် ၂၀၁၄ ခုနှစ် ဧပြီလအတွင်း ယာဉ်မတော်တဆမှု (၆၀)မှု ဖြစ်ပွားခဲ့ရာမှ မေလတွင် (၄၀)မှု၊ ဇွန်လတွင် (၂၉)မှု၊ ဇူလိုင်လတွင် (၂၇)မှု၊ ဩဂုတ်လတွင် (၂၆)မှုနှင့် စက်တင်ဘာလ(၁၀) ရက်အထိ (၁၀)မှုသာ ဖြစ်ပွားခဲ့သဖြင့် အဝေးပြေးမော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုများ သိသိသာသာ လျော့နည်းကျဆင်းခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်၏ **ယာဉ်အို၊ ယာဉ်ဟောင်းများအနက် သင့်တင့်ကောင်းမွန်သော ယာဉ်များအား သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် စက်မှုလက်မှုကျောင်းများသို့သင်ထောက်ကူပစ္စည်းများအဖြစ် အသုံးပြုနိုင်ရေး စီမံပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဖျက်သိမ်းအပ်နှံခဲ့သော ယာဉ်အို၊ ယာဉ်ဟောင်းများအနက် အစားထိုးပြန်မရနိုင်သော ရှေးဟောင်းမော်တော်ယာဉ်များကို အမျိုးအစားအလိုက် အကောင်းဆုံးမော်တော်ယာဉ်များကို စိစစ်ရွေးချယ်၍ ဖျက်ဆီးခြင်းမပြုဘဲ ထိန်းသိမ်းဆောင်ရွက်ထားရှိခဲ့ပါကြောင်း။

သို့ပါ၍ အပ်နှံလာသည့် ယာဉ်အို၊ ယာဉ်ဟောင်းများအနက် သင့်တင့်ကောင်းမွန်သော ယာဉ်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး နည်းပညာတက္ကသိုလ် (၂၈)ကျောင်း၊ အစိုးရနည်းပညာ ကောလိပ် (၃) ကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ (၁၁) ကျောင်းနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (၃၆)ကျောင်း တို့တွင် ကျောင်းသား၊ ကျောင်းသူများ လက်တွေ့သင်ကြားရေး၌ သင်ထောက်ကူပစ္စည်းများအဖြစ် အသုံးပြုနိုင်ရန် ဖျက်သိမ်းအပ်နှံမည့် မော်တော်ယာဉ်ဟောင်း စုစုပေါင်း (၂၃၄)စီးကို ထုတ်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ၂၀၁၄ စက်တင်ဘာ (၁၈) ရက်အထိ (၁၅)စီး ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသောယာဉ်များ ထုတ်ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပုဂ္ဂလိကအာမခံကုမ္ပဏီများအား အာမခံလုပ်ငန်းအားလုံးကို တစ်ခုပြီးတစ်ခုလုပ်ပိုင်ခွင့်ပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ဘဏ္ဍာရေးနှင့် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၆)ခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းနှင့် အဆို(၁)ခု မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"သူတစ်ပါးထိခိုက်မှုအာမခံကို ပုဂ္ဂလိက အာမခံကုမ္ပဏီများအား ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ နှင့် မော်တော်ယာဉ်သက်တမ်းတိုးသည့်နေရာဌာနများတွင် သူတစ်ပါးထိခိုက်မှုအာမခံကို One Stop Service စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ၁၉၆၄ ခုနှစ်မှစ၍ ၂၀၁၃ ခုနှစ်အထိ အာမခံလုပ်ငန်းများကို မြန်မာ့အာမခံလုပ်ငန်းတစ်ခုတည်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအာမခံကုမ္ပဏီ (၁၂)ခုကို အာမခံလိုင်စင်ထုတ်ပေးခဲ့ပါကြောင်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီ (၁၂)ခုတွင် သက်တမ်းအမြင့်ဆုံးကုမ္ပဏီသည် တစ်နှစ်ကျော်သာ ရှိပါကြောင်း၊ တစ်နှစ်ကျော်ကာလသာ ရှိသည့်အတွက် ယင်းကုမ္ပဏီများအား ပထမအဆင့်အနေဖြင့် အာမခံလုပ်ငန်း (၆)ခု လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါကြောင်း။

ထို့ပြင် အမြန်လမ်းမကြီးတွင် ခရီးသည် သေဆုံးမှုများ ရှိလာသည့်အတွက် ခရီးသွားအာမခံလုပ်ငန်း ဆောင်ရွက်ရန် ထပ်မံခွင့်ပြုခဲ့ပါကြောင်း၊ ကုမ္ပဏီများအား အာမခံလုပ်ငန်းအားလုံးကို တစ်ခုပြီးတစ်ခု လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ ကုမ္ပဏီများသည် အတွေ့အကြုံနုနယ်ပြီး လူအင်အားမပြည့်စုံသေးသည့်အတွက် အာမခံလုပ်ငန်းအားလုံးအား တစ်ပြိုင်တည်းလုပ်ကိုင်ခွင့်ပေး၍ မရသေးပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် ကျပ်(၅)သိန်းအထိကို နိုင်ငံပိုင်အာမခံကုမ္ပဏီက လျော်ကြေးပေးလျက်ရှိပါကြောင်း၊ ကျပ်(၅)သိန်းနှင့်အထက် သူတစ်ပါးထိခိုက်မှုအာမခံလုပ်ငန်းများအား အလုံးစုံမော်တော်ယာဉ် အာမခံကုမ္ပဏီများ၏အောက်



ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း။

တွင် ပုဂ္ဂလိကအာမခံကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပေးထားပြီးဖြစ်ပါကြောင်း။

ထောက်ကြန့်တွင် စနစ်သစ်တစ်ခု ဖွင့်လှစ်ပြီး ဩဂုတ်လမှစ၍ သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်းကို One Stop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြားနေရာများတွင်လည်း One Stop Service ဖြင့် ဆောင်ရွက်ပေးနိုင်ရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်း၍ နေရာနှင့် LAN ချိတ်ဆက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၏ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးနှင့် ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မှ ဦးဟာရှိန်းဘွေ၏ **"မင်းတပ်မြို့နယ် အောက်ချိုင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အောက်ချိုင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် နဝမတန်း (၁၀) ဦး၊ ဒသမတန်း(၅)ဦး စုစုပေါင်း အထက်တန်းအဆင့်သင်ကျောင်းသား (၁၅) ဦးရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက ကျောင်းအဆင့်တိုးမြှင့်သတ်မှတ်ရာ၌ ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိ၊ မရှိ ထည့်သွင်းစဉ်းစားပါကြောင်း၊ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်လိုအပ်ချက်များ



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး။

အပေါ်မူတည်၍ သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြလာပါက ကျောင်းအဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ရန် အစီအစဉ် မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) မှ ဦးဖေသောင်း၏ **"အင်းတော်ကြီးဒေသ ဟဲပုကျေးရွာအုပ်စု နတ်မောက္ကံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ်အတွက် ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှ ဘတ်ဂျက်ချထားပေးပါရန်နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ နတ်မောက္ကံ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ ဆောက်လုပ်လျက်ရှိသော SS2(5) ကျောင်းဆောင်သစ်၏ကျန်ရှိနေသော (၅၀) ရာခိုင်နှုန်းအပြီးသတ်ရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော ရန်ပုံငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✾

ပြည်တွင်းရေးရာ

# ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်



**ရန်ကုန်   စက်တင်ဘာ   ၂၂**

စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်ခဲ့သည့် (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အပြီး နောက်တစ်ရက်ဖြစ်သည့် ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုကော်မတီ(NCCT)တို့၏ ဆဋ္ဌမအကြိမ်မြောက် တစ်ခုတည်းသော မူကြမ်း(Single Text)ဖြစ်မြောက်ရေးညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည်။**(ယာပုံ)**

ယနေ့ဆွေးနွေးပွဲသည် UPWC နှင့် NCCT တို့၏ တရားဝင် (၆)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။ အလွတ်သဘောတွေ့ဆုံမှုမှာမူ အကြိမ်အရေအတွက် အများအပြားရှိခဲ့ပြီး နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုမှာမူ အချိန်ကာလအားဖြင့် တစ်နှစ်နီးပါးခန့်ရှိခဲ့ကြောင်း သိရသည်။

စတင်ညှိနှိုင်းစဉ်က အချက် (၁၀၄) ချက်နှင့် စတင်ဆွေးနွေးခဲ့ကြပြီး ယနေ့ဆွေးနွေးပွဲတွင်မူ မူကြမ်းအချက် (၅) ချက်မျှသာကျန်ရှိတော့၍ ယခုအကြိမ်ဆွေးနွေးပွဲတွင် သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟု ဆွေးနွေးဖက် နှစ်ဖက်သာမက နိုင်ငံရေးလေ့လာအကဲခတ်သူများ၊ ပြည်သူများကပါ မျှော်လင့်နေကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် “ယခုကဲ့သို့ အခွင့်ကောင်းအခါကောင်းနှင့် တိုက်ဆိုင်နေသည့်အချိန်တွင် ငြိမ်းချမ်းရေးသည် လူသားများ၏ ရပိုင်ခွင့်ဖြစ်သည်ဟူသော စဉ်းစားတွေးခေါ်မှုမျိုးဖြင့် အခြားသော လူ့အခွင့်အရေးများနှင့် တန်းတူရရှိစေရန် ကျွန်ုပ်တို့အားလုံး၏ ဝိုင်းဝန်းကြိုးပမ်းမှုများအရ ပေါ်ပေါက်လာသော ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုက်ရပေသည်” စသည်ဖြင့် ထည့်သွင်းဖော်ပြထားသည်။

ယနေ့ဆွေးနွေးပွဲ စတင်ကျင်းပချိန်တွင် UPWC နှင့် NCCT နှစ်ဖက်အဖွဲ့ခေါင်းဆောင်များ၏ ပဏာမနှုတ်ခွန်းဆက်စကားများနှင့် ယခုကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအပေါ် ယုံကြည်ချက်၊ မျှော်လင့်ချက်၊ ရှုမြင်သုံးသပ်ချက်များနှင့် အပြုသဘောဆောင်သည့် အပေါင်းလက္ခဏာရလဒ်များကို ဖော်ဆောင်နိုင်မည့် ရင်းနှီးခင်မင်သော ဆက်ဆံမှုများကို တွေ့မြင်ကြားသိခဲ့ရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်သည် အင်မတန်မှ အရေးကြီးသည့် အခန်းကဏ္ဍကို ရောက်ရှိနေပြီဆိုသည်ကို အားလုံးက လက်ခံကြမည်ဖြစ်ပါကြောင်း၊ မိမိတို့တစ်တွေသည်အပစ်အခတ်ရပ်စဲရေးသက်သက်ထက် ငြိမ်းချမ်းရေးအတွက် အဓိကအကျဆုံးဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ကို တက်လှမ်းနိုင်အောင်ခိုင်ခံ့သည့် အခြေခံအုတ်မြစ်များ ချမှတ်နေကြခြင်းဖြစ်ပါကြောင်း၊ အခက်အခဲများ မည်မျှရှိရှိ ငြိမ်းချမ်းရေးခရီး၏ ရည်မှန်းချက်ကိုရောက်အောင် ဆက်လက်အကောင်အထည်ဖော်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုကော်မတီ (NCCT) အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက “နှစ်ပေါင်း ၆၀ ကျော်အကြာ လက်နက်ကိုင်ပဋိပက္ခကြောင့် မိမိတို့နိုင်ငံသည် သယံဇာတကြွယ်ဝသော်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရပြီး အဆင်းရဲဆုံးဖြစ်ခဲ့ရကြောင်း၊ ယနေ့ နိုင်ငံတော်သမ္မတကြီး၏ ငြိမ်းချမ်းရေးလမ်းစဉ်ကို မှန်မှန်ကန်ကန်တွေ့ရ၍ ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နှင့် ပြည်သူအများစု ထောက်ခံပါကြောင်း၊ စိတ်ရှည်စွာဖြင့် မကြိုးစားခဲ့လျှင် ယခုအဆင့်အထိမရောက်နိုင်ကြောင်း၊ စိတ်မရှည်လျှင် ပျက်သွားနိုင်ကြောင်း၊ တိုင်းပြည်၏အနာဂတ်မှာ ယခုနှစ်ဖက်အဖွဲ့ပေါ်မူတည်ပါကြောင်း၊ ဒီတာဝန်ကို အတတ်နိုင်ဆုံး စိတ်ရှည်လက်ရှည်ဖြင့် ကြိုးပမ်းကြပါစို့”ဟု ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က“ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် ပထမခြေလှမ်းဖြစ်သည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြသည်မှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရနေပါကြောင်း။

ထိုအောင်မြင်မှုကို သမိုင်းမှတ်တိုင်အဖြစ် စိုက်ထူနိုင်ရန် နှစ်ဖက်ခေါင်းဆောင်များအနေဖြင့် နားလည်မှုရှိရှိ သဘောထားအမြင်ကြီးကြီးဖြင့် ကောင်းမွန်မှန်ကန်သော ဆုံးဖြတ်ချက်များကိုချနိုင်ပါရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

NCCT မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဖဒိုစောကွယ်ထူးဝင်းက “တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသည် ငြိမ်းချမ်းရေး၏ အုတ်မြစ်ဖြစ်သကဲ့သို့ ပဏာမခြေလှမ်းလည်းဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲများတွင် အောင်မြင်မှုများရှိသကဲ့သို့ ညှိနှိုင်းစရာများလည်းရှိသေးကြောင်း၊ နှစ်ဖက်စလုံးတွင် တာဝန်ရှိပါကြောင်း၊ ကျန်ရှိနေသေးသည့် အချက်များကို စိတ်ရှည်စွာဖြင့် သဘောတူညီမှုရရှိအောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း” ပြောကြားသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက “တပ်မတော်အနေဖြင့် ယခုကဲ့သို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်လာသည်မှာ မိမိတို့၏ထက်သန်သည့်စေတနာကြောင့်ပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ငြိမ်းချမ်းချင်သည့်အတွက်ဖြစ်ပါကြောင်း၊ မကြာခဏပြောနေသလိုပင် ငြိမ်းချမ်းရေးကိုအလိုချင်ဆုံးတွင် ရှေ့ဆုံးကပါဝင်သူများမှာ တပ်မတော်သားများပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်သည့်အခါ နိုင်ငံတော်နှင့် တိုင်းရင်းသားကိုယ်စားလှယ်ကြီးများ၏ ဘက်နှစ်ဖက်စလုံးက ညီညွတ်မျှတရန် အဓိကလိုအပ်ပါကြောင်း၊ နှစ်ဖက်စလုံးက သည်းခံကြရန်၊ စိတ်ရှည်ကြရန် လိုပါကြောင်း၊ တပ်မတော်၏ သဘောထားရပ်တည်ချက်မှာ နဂိုဆွေးနွေးပွဲများတွင် ချမှတ်သည့်အတိုင်း မူဝါဒ(၆)ရပ်နှင့်အညီ ဆွေးနွေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့်တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုကော်မတီ NCCT တို့သည် ဩဂုတ်လ ငြိမ်းချမ်းရေးဆွေးနွေးပွဲက ကျန်ရှိသော မူကြမ်းအချက် (၅)ချက်ပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စားပွဲဝိုင်းထက်တွင် ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

ယနေ့ ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဦးသိန်းဇော်၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ NCCT မှ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာ၊ ဒုတိယအဖွဲ့ခေါင်းဆောင်(၁) ဖဒိုစောကွယ်ထူးဝင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ဗိုလ်ချုပ်ဂွမ်မော်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

MPC မှ အကြီးတန်းအကြံပေး ဦးလှမောင်ရွှေက “ဆွေးနွေးမယ့်ရက်ကတော့ ၂၂ ရက်ကနေ ၂၆ ရက် ကြားထဲမှာ ဆွေးနွေးဖို့ သတ်မှတ်ထားပါတယ်။ ဆွေးနွေးတဲ့အပေါ်မှာမူတည်ပြီး ရက်အတိုးအလျှော့ရှိနေမှာပါ။ မြန်မာငြိမ်းချမ်းရေးစင်တာ အကြံပေးအနေနဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ ဒီတစ်ခေါက်က ပြီးသွားမယ်လို့ ကျွန်တော်ထင်ပါတယ်။ အခုကတော့ တစ်နှစ်လောက်အချိန်ယူပြီး ဆွေးနွေးလာတဲ့အတွက် တဖြည်းဖြည်း အချက်ပေါင်း ၁၀၀ ကျော်ကနေ အခုဆွေးနွေးပွဲမှာ အချက် (၅)ချက်လောက်အဓိကဆွေးနွေးဖို့ပဲ ကျန်ပါတယ်။ ဒါတွေကို ညှိလို့ရရင် လက်မှတ်ရေးထိုးဖို့ အဆင့်၊ မူဘောင်ဆွေးနွေးပွဲကနေ ပါဝင်သင့်ပါဝင်ထိုက်တဲ့သူတွေပါတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို ရောက်သွားနိုင်ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲကို ပြည်သူလူထုအားလုံးက ဝိုင်းဝန်းကူညီကြဖို့နဲ့ တွေ့ဆုံဆွေးနွေးပွဲတွေက ထွက်လာတဲ့ရလဒ်တွေကို အကောင်အထည်ဖော်ဖို့လိုပါတယ်။ ဒါတွေကို ပြည်သူလူထုက ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်မယ်ဆိုရင် အားလုံးလိုချင်တဲ့ ငြိမ်းချမ်းရေးကိုရမှာပါ”ဟု ပြောသည်။

**(သတင်းစဉ်)**

---

# (၂၃)ကြိမ်မြောက် ဥရောပရုပ်ရှင်ပွဲတော် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန်   စက်တင်ဘာ   ၂၂**

(၂၃)ကြိမ်မြောက် ဥရောပရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဆွစ်ဇာလန်သံရုံး၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

၁၁ ရက်ကြာ ကျင်းပမည့် အဆိုပါရုပ်ရှင်ပွဲတော်ကို ဆွစ်ဇာလန်၊ ပြင်သစ်၊ အစ္စရေး၊ အိုင်ယာလန်သံရုံးတို့မှ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး မြန်မာနှင့်ဥရောပအကြား ယဉ်ကျေးမှုပိုမိုရင်းနှီးမှုရရှိစေရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် ဥရောပနိုင်ငံများနှင့် အစ္စရေးမှ ရသစုံ ဇာတ်ကားခြောက်ကားအပါအဝင် ဇာတ်ကား ပေါင်း ၁၀ ကား ပါဝင်ပြသသွားမည်ဖြစ်ပြီး ဆွစ်ဇာလန်မှ Der Verdingbub နှင့် Les Petites Fugues ဇာတ်ကား၊ လာမည့် အော်စကာဆုပေးပွဲတွင် အကောင်းဆုံးနိုင်ငံခြားဘာသာစကားဆုအတွက် စာရင်းဝင် ဇာတ်ကားတစ်ကားဖြစ်သည့် ဂျာမနီမှ Das Finstere Tal နှင့် Sound of Heimat ဇာတ်ကား၊ ယူကေမှ Philomena ဇာတ်ကား၊ အိုင်ယာလန်မှ Ondine ဇာတ်ကား၊ ပြင်သစ်မှ Camille Rewinds နှင့် Tales of the Night ဇာတ်ကား၊ အီတလီမှ Mine Vaganti ဇာတ်ကား၊ အစ္စရေးမှ Footnote ဇာတ်ကားတို့ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။ **မျိုးစန္ဒာမောင်**

---

**❁ စာမျက်နှာ ၇ မှ**

စာမျက်နှာ ၇ မှ

နတ်မောက္ကံအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တွင် ပဉ္စမတန်း(၆၉) ဦး၊ ဆဋ္ဌမတန်း (၆၁) ဦး၊ သတ္တမတန်း (၃၈) ဦး၊အဋ္ဌမတန်း (၄၀) ဦး စုစုပေါင်း အလယ်တန်းအဆင့်သင်ကျောင်းသား (၂၀၈) ဦးရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ်မူတည်၍ ကျောင်းသားဦးရေသတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြလာပါက ကျောင်းအဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်းဖြင့်ဖြေကြားသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဝင်းမောင်က **“ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်း”** ကို တင်သွင်းရာ အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဦးကျော်သူဦးက **“မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးသန်းဆွေ ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း”** အဆိုကို တင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်သည်။ **(သတင်းစဉ်)**

---

**○ အာရှအားကစားမှ**

အမျိုးသမီးဗိုလ်လုပွဲတွင် မြန်မာအသင်းမှာ အာဆီယံဒေသတွင်း ပြိုင်ဘက် လာအိုအသင်းနှင့် တွေ့ဆုံခဲ့ကာ (၂၁-၁၅) မှတ်၊ (၂၁-၁၆) မှတ် နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းမှာ အိမ်ရှင် တောင်ကိုရီးယားအသင်းနှင့်ယှဉ်ပြိုင်ခဲ့ကာ (၂၁-၁၉) မှတ်၊ (၂၁-၁၈) မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရကာ ဒုတိယမြောက် ရွှေဆုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသားအသင်းမှာ အုပ်စု(ခ) တွင်ပါဝင်ခဲ့ပြီး ဘရူနိုင်းအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ လာအိုအသင်းကို နှစ်ပွဲပြတ်၊ အင်ဒိုနီးရှားအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိကာ အုပ်စုပထမနေရာရရှိခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ဂျပန်အသင်းကို နှစ်ပွဲပြတ်၊ ဗိုလ်လုပွဲတွင် တောင်ကိုရီးယားအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းမှာ အုပ်စုတွင် မလေးရှားအသင်းကို နှစ်ပွဲပြတ်၊ ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်တွင် ဂျပန်ကို နှစ်ပွဲပြတ်၊ ယခုဗိုလ်လုပွဲတွင်လာအိုအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနှစ်ယောက်တွဲ ပိုက်ကျော်ခြင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့မှာ (၁၆) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်များ ရရှိခဲ့ရာ နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်များ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **ရှိုင်းထက်ဇော်**

❒ စိတ်ပိုင်းဆိုင်ရာမှ

အထူးစာဖတ်ခန်းကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက စာကြည့်တိုက်ခန်းမအတွင်း၌ စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်းဆိုင်ရာများ၊ စာကြည့်တိုက်နောက်ခံသမိုင်းကြောင်း၊ အမျိုးသားစာကြည့်တိုက်၏ထူးခြားဝိသေသဆိုင်ရာများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာကြီး ရှာငယ်ကာလ၏လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့် အသိအတတ်ပညာခေတ်တွင် သတင်းအချက်အလက်နည်းပညာများ တိုးတက်လာသည်နှင့်အမျှ လူတစ်ဦးချင်းစီ၏ စာပေဗဟုသုတပြည့်စုံမှုသည် ယခင်ကထက် အဆပေါင်းများစွာ ပိုမိုလိုအပ်လာပြီဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်းကြီးတစ်ခုတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး မည်သည့်အရေးအရာကို ဆောင်ရွက်ကြသည်ဖြစ်ပါစေ၊ စာအုပ်စာပေက ရရှိလာမည့် ပညာ၊ ဗဟုသုတနှင့် အလှမ်းဝေး၍မရနိုင်သည်ကို သိသာထင်ရှားနေပါကြောင်း၊ ယင်းအကြောင်းအချက်များနှင့် ကင်းကွာသည့် မည်သည့်လုပ်ငန်းမျိုးမဆို ရေရှည်အောင်မြင်မှုပေးနိုင်စွမ်း မရှိဆိုသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာပြည့်စုံသည့်လုပ်ငန်းအောင်မြင်မှုများကို ပေးစွမ်းနိုင်ရန် စာကြည့်တိုက်သည် မရှိမဖြစ်လိုအပ်လာသည့်အရာဖြစ်လာပါကြောင်း၊ (၁၁)ရာစု ပုဂံခေတ်လက်ထက်ကတည်းက စာကြည့်တိုက်၏မြစ်ဖျားခံခဲ့ရာ ပိဋကတ်တိုက်တော်မှ အဆင့်ဆင့်ပြောင်းလဲလာခဲ့ပြီး ယနေ့ နိုင်ငံတော်အဆင့် အမျိုးသားစာကြည့်တိုက်အဖြစ် ထင်ရှားပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း။

အမျိုးသားစာကြည့်တိုက်သည် အခြားသောစာကြည့်တိုက်များနှင့်မတူဘဲ ပညာရပ်ပေါင်းစုံနှင့် စာပေပစ္စည်းများကို စနစ်တကျ စုဆောင်းထိန်းသိမ်းဝန်ဆောင်မှုပေးသည့် နေရာဌာနကြီးတစ်ခုဖြစ်ရပါကြောင်း၊ အမျိုးသားစာကြည့်တိုက်ကို လူထုတက္ကသိုလ်ဟုလည်း တင်စားခေါ်ဝေါ်ကြပြီး လူ့အဖွဲ့အစည်းကို မြှင့်တင်ပေးရာဌာနကြီးတစ်ခုအဖြစ် သတ်မှတ်လာကြပြီး ဖြစ်ပါကြောင်း။

ယခု အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကို အများပြည်သူအတွက် ဝန်ဆောင်မှုပေးနိုင်စေရန် ၂၀၁၃ ခုနှစ် မေလ ၃ ရက်တွင် အမျိုးသားစာကြည့်တိုက်ပထမဆောင်ကို တရားဝင်ဖွင့်လှစ်ခဲ့ပြီး ပြည်သူများလိုအပ်သည့် သတင်းအချက်အလက်များကို ဆက်လက်ဝန်ဆောင်မှုပေးနေသည်ဟု သိရှိရပါကြောင်း။

စာကြည့်တိုက်များတွင် စုဆောင်းထားသည့် ထောင်ပေါင်းများစွာသော စာပေပစ္စည်းများသည် စာကြည့်တိုက်၏ အဓိကအင်္ဂါရပ်များဖြစ်ပြီး ပြည်တွင်းပြည်ပ စာရေးဆရာများ၊ နိုင်ငံရေးဘက်ဆိုင်ရာပုဂ္ဂိုလ်များ၊ သိပ္ပံပညာရှင်၊ အတွေးအခေါ်ပညာရှင်များ၊ သူတော်စင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ အတွေ့အကြုံနှင့် ရှာဖွေစုဆောင်း၊ လေ့လာ၊ သုတေသနပြုမှတ်တမ်းတင်ထားသည့် စာအုပ်စာပေများဖြစ်ကြဖို့လည်း လိုအပ်ပါကြောင်း။

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သည် နှစ်ရှည်လများစွာက စုဆောင်းထားသည့် စာပေပစ္စည်းများမှ သတင်းအချက်အလက်များကို စာဖတ်သူများ အလွယ်တကူလေ့လာအသုံးပြုနိုင်စေရန်အပြင် ပညာရှာမှီးသူများ၊ သုတေသီများလည်း အသုံးပြုနိုင်စေရန် စနစ်တကျ စီစဉ်ထားကာ ဝန်ဆောင်မှု အပြည့်အဝပေးနေရမည်ဖြစ်ပါကြောင်း၊ e-library ကိုလည်း ကျယ်ပြန့်စွာ ဖွဲ့စည်းထားရမည်ဖြစ်ပြီး Online မှတစ်ဆင့် အလွယ်တကူ ရှာဖွေနိုင်သကဲ့သို့ e-books များကိုပါ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတကာစာကြည့်တိုက်အဆင့်၊ အာဆီယံစာကြည့်တိုက်အဆင့် အရည်အသွေးမျိုးရရှိစေရန် ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဤအမျိုးသားစာကြည့်တိုက်တွင် တာဝန်ထမ်းဆောင်ကြသည့် စာကြည့်တိုက်ဝန်ထမ်းများသည်လည်း စာကြည့်တိုက်၏ စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်များ မြင့်မားနေကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ဤစာကြည့်တိုက်တွင် တာဝန်ဝတ္တရားအရ ထိန်းသိမ်းဝန်ဆောင်မှုပေးနေရင်း၊ မိမိအတွက်လည်း ဗဟုသုတများ တိုးမြှင့်ရှာဖွေရင်း နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သစ္စာရှိရှိ ကတိတည်တည်ဖြင့် ဆိုင်ရာတာဝန်များကို ထမ်းဆောင်သွားကြပါရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက စာကြည့်တိုက်အတွင်းပြုလုပ်သော ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က အလှူရှင် ဒေါ်တင်ရီ(တင်ရီမ-ညောင်ဦး)အား အမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**



အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru I WASAKI ၏ ဖိတ်ကြားချက်အရ ယနေ့ညနေပိုင်းတွင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi HIGUCHI နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်အောင်သူနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်မှထွက်ခွာရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (မြဝတီ)

## ဧည့်လမ်းညွှန်သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် တောင်တွင်းကြီးမြို့အနီး ဗိဿနိုးမြို့ဟောင်းသို့ရောက်ရှိပြီး ရှေးဟောင်းပြတိုက်နှင့် ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လေ့လာနိုင်မည့် နေရာများသို့ လိုက်လံကြည့်ရှုခဲ့သည်။ ညနေ ၄ နာရီတွင် ပြည်မြို့ရှိ သရေခေတ္တရာမြို့ဟောင်းသို့ရောက်ရှိပြီး ရှေးဟောင်းပြတိုက်နှင့် မြို့ဟောင်းအတွင်း လိုက်လံကြည့်ရှုခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ပြည်မြို့ မင်္ဂလာဥယျာဉ်ဟိုတယ်၌ ကျင်းပသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ စီစဉ်ဖွင့်လှစ်သည့် ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ)သင်တန်း(ပြည်)အမှတ်စဉ်(၉/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆော်ဒီအာရေဗျနိုင်ငံသို့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာအု(ဒ်) အယ်လ်ဖိုင် ဆယ် ဘင်အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအု(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## သရက်မြို့နယ်ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများ လူမှုစီးပွားဖွံ့ဖြိုးလျက်ရှိ

**သရက် စက်တင်ဘာ ၂၂**

မြစိမ်းရောင်ကျေးရွာစီမံကိန်းအရ သရက်ခရိုင် သရက်မြို့နယ်အတွက် ကျေးရွာ ၂၆ ရွာနှင့် မင်းလှမြို့နယ်အတွက် ၂၇ ရွာကို တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ တာဝန်ရှိသူများက စီမံကိန်းဝင်ကျေးရွာများတွင် သင်တန်းများပေးခြင်း၊ ကျေးရွာအဆင့် ကော်မတီဝင်များဖွဲ့စည်းပေးခြင်း၊မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီများ ဖွဲ့စည်းခြင်းများပြုလုပ်ပေးသည်။ ကျေးရွာတစ်ရွာ ငွေကျပ် သိန်း ၃၀၀ အရင်းမပျောက်ထုတ်ပေး၍ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီမှ စိုက်ပျိုးရေး/မွေးမြူရေး တိုးချဲ့လုပ်ကိုင်လိုသည့် ကျေးရွာနေပြည်သူများအား ကော်မတီက သတ်မှတ်သည့် အတိုးနှုန်းဖြင့် ထုတ်ချေးပေးပြီး ရရှိလာသည့် အတိုးငွေများကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ရည်ရွယ်၍ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။

**မြင့်မြင့်ဆွေ(သရက်)**

❒❒

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ဝင်းအောင် ဦးစီး၍ တပ်ဖွဲ့မှူးရုံးနှင့် နေပြည်တော်တပ်ဖွဲ့စုတို့မှ ရဲတပ်ဖွဲ့ဝင် အရာရှိ/အခြားအဆင့် စုစုပေါင်း ၇၅ ဦးတို့သည် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ဆေးရုံဝင်းအတွင်း အပြင်၌ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

# နည်းပညာတက္ကသိုလ်(ကလေး)တွင် စာမေးပွဲအဖြေလွှာများ ပျောက်ဆုံးခဲ့မှုနှင့်ပတ်သက်၍ စာမေးပွဲလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၏ ဒုတိယနှစ်ဝက်စာမေးပွဲအား စက်တင်ဘာ ၈ ရက်မှစ၍ စစ်ဆေးကျင်းပလျက်ရှိရာ နည်းပညာတက္ကသိုလ်(ကလေး)တွင် စက်တင်ဘာ ၁၇ ရက် ညသန်းခေါင်ယံအချိန်ခန့်က တက္ကသိုလ်ရုံးခန်းနှင့် ဝန်ထမ်းရေးရာဌာနအား ဖောက်ထွင်းခံခဲ့ရပြီး သော့ခတ်သိမ်းဆည်းထားသော စာမေးပွဲအဖြေလွှာ သေတ္တာလေးလုံးရှိသည့်အနက် သေတ္တာသုံးလုံး ပျောက်ဆုံးခဲ့သည်။

အဆိုပါ သေတ္တာသုံးလုံးအနက် သေတ္တာနှစ်လုံးပါ အဖြေလွှာထုပ်များအား ထုပ်ပိုးချိတ်များမပျက်ဘဲ ကျောင်းနံဘေးတွင် ပြန်လည်ရရှိခဲ့ပြီး ကျန်သေတ္တာတစ်လုံးတွင်ပါဝင်သော အဖြေလွှာထုပ်များအား ကျောင်းနံဘေးရှိ ရေမြောင်းထဲမှ ပြန်လည်ရရှိကာ အဖြေလွှာထုပ်စုစုပေါင်း ၂၀ ပျောက်ဆုံးနေသည့်အတွက် နည်းပညာတက္ကသိုလ်များတွင် ဖြေဆိုရမည့် ဘာသာရပ် ၁၆၅ ခုရှိသည့်အနက် ဘာသာရပ် ၂၀ အတွက် ပျောက်ဆုံးမှုဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံအား ဖမ်းဆီးအရေးယူနိုင်ရေး ကလေးမြို့နယ်ရဲစခန်းတွင် နည်းပညာတက္ကသိုလ် (ကလေး)က အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး စက်မှုနှင့် အသက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က နည်းပညာတက္ကသိုလ်(ကလေး)သို့ သွားရောက်၍ စာမေးပွဲဆိုင်ရာကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးဆောင်ရွက်ခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားခြင်းတို့ကို သွားရောက်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေသည် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တာဝန်ခံရဲမှူး၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ဌာနမှူးများပါဝင်သော တက္ကသိုလ်ပညာရေးအဖွဲ့တို့နှင့် ဆွေးနွေးညှိနှိုင်း၍ အဖြေလွှာများ ပျောက်ဆုံးခဲ့သည့် ဖြစ်စဉ်အတွက် ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရေး စာမေးပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများတွင် စာမေးပွဲဖြေဆိုသူများ၏ အောင်စာရင်းသတ်မှတ်ခြင်းကို ပထမနှစ်ဝက်စာမေးပွဲအတွက် ၄၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်ဝက်စာမေးပွဲအတွက် ၄၀ ရာခိုင်နှုန်းနှင့် Class Work/ Assignment/Practical အတွက် ၂၀ ရာခိုင်နှုန်းဟူ၍ အမှတ်ခွဲဝေသတ်မှတ်မှုနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ယခုဖြစ်စဉ်တွင် ကျောင်းသားများ နစ်နာမှုမရှိစေရန်၊ နည်းပညာတက္ကသိုလ်များ၏ အရည်အသွေးတိုးမြှင့်ရေးဆိုင်ရာ မူဝါဒများအား ထိခိုက်မှုမရှိစေရန်၊ စာမေးပွဲလုပ်ထုံးလုပ်နည်းများနှင့်လည်း ကိုက်ညီမှုရှိစေရန်အတွက် တက္ကသိုလ်ပညာရေးအဖွဲ့အနေဖြင့် ကျောင်းသားကျောင်းသူများ၏ အဖြေလွှာများ စစ်ဆေးရာတွင် ပျောက်ဆုံးမှုမရှိသော ဘာသာရပ်များအတွက် ပုံမှန်အတိုင်းသာစစ်ဆေး၍ အမှတ်ပေးသွားရန်၊ အဖြေလွှာပျောက်ဆုံးသော သင်တန်းနှစ်အလိုက်၊ ဘာသာရပ်အလိုက်၊ စုစုပေါင်း ဘာသာ ၂၀ အား ပြန်လည်ဖြေဆိုခြင်း မပြုဘဲ အောင်/ရှုံး သတ်မှတ်ရန်သာလိုအပ်သော သင်တန်းနှစ်များအတွက် သက်ဆိုင်ရာဘာသာရပ်၏ ဒုတိယနှစ်ဝက်အတွက်အောင်မြင်မှု မထိခိုက်စေရန်နှင့်နောက်တစ်ဆင့်မြင့် သင်တန်းတက်ရောက်ရန်၊ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်လိုအပ်သည့် သင်တန်းနှစ်အတွက် အရည်အချင်းသတ်မှတ်ရာတွင် ထိခိုက်မှုမရှိစေရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ တာဝန်ရှိသူ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာ အောင်ဇော်လင်းနှင့် သက်ဆိုင်သူများအား ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးလျက်ရှိပြီး ကျောင်း၏ပုံမှန်အုပ်ချုပ်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကာ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်တန်းအလိုက် စက်ရုံ၊ အလုပ်ရုံများသို့ လက်တွေ့ကွင်းဆင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရေးအတွက် ပျောက်ဆုံးသွားသော စာမေးပွဲအဖြေလွှာများအတွက် သက်ဆိုင်ရာ ဘာသာရပ်များအား စာမေးပွဲလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ဖြစ်စဉ်တွင် ကျူးလွန်ခဲ့သည့် တရားခံအား အမြန်ဆုံးဖော်ထုတ်နိုင်ရေး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးပွင့်အဆင့်(၆) စီမံချက်အရ နိုင်ငံသား စိစစ်ရေးကတ်ပြားများ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အလက(၁) ကျောက်တံတားမှ ကျောင်းသား ကျောင်းသူများအား ကျောက်တံတားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဇော်မိုးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးစဉ်။** (ကြေးမုံ)




## ချန်ပီယံရတနာပုံအသင်းအား ချီးကျူးဂုဏ်ပြုခြင်း

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲကြီးတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သော ရတနာပုံဘောလုံးအသင်းအား ချီးကျူးဂုဏ်ပြုအပ်ပါသည်။




ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကလပ်အသင်းများ၊ တစ်ခဲနက် အားပေးခဲ့ကြသည့် ဘောလုံးချစ် ပရိသတ်များနှင့် ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြသော စပွန်ဆာများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

**ပြည်တွင်းရေးရာ**

# ရှာဖွေရေးလုပ်ငန်းများ ရာသီဥတုအနေအထားကြောင့် အချိန်ကြန့်ကြာနိုင်

**နေပြည်တော် စက်တင်ဘာ ၂၂**
ပျောက်ဆုံးနေသော တောင်တက်သမားနှစ်ဦးအား ကယ်ဆယ်ရှာဖွေရေးအစီအစဉ်များ ရေးဆွဲကာ အပူတပြင်း ရှာဖွေလျက်ရှိသည်။

ခါကာဘိုရာဇီတောင်ထိပ်၊ Base Camp၊ တဟွန်ဒမ်း၊ ပန်နန်းဒင်သို့ သွားရောက်၍ စက်တင်ဘာ ၂၁ ရက်တွင် B3 ရဟတ်ယာဉ်နှစ်စင်း၊ ထိုင်း Advance Aviation မှ B4 ရဟတ်ယာဉ်၊ တပ်မတော်လေမှ MI 17 ရဟတ်ယာဉ်များဖြင့် ရှာဖွေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၂ ရက်ထိ ရှာဖွေရေးပြုလုပ်ရာတွင် ခါကာဘိုရာဇီတောင်အနီး ပတ်ဝန်းကျင်၏ ရာသီဥတုအခြေအနေမှာ တိမ်များထူထပ်ခြင်း၊ မြူများအုံ့ဆိုင်းနေခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် မြင်နိုင်စွမ်းကျဆင်းလျက်ရှိရာ ရဟတ်ယာဉ်များဖြင့် သွားရောက်ရန် အခက်အခဲများစွာရှိကြောင်း၊ သို့သော် မြေပြင်ကယ်ဆယ်ရေး တောင်တက်အဖွဲ့သည် ယနေ့ည ချောင်းဆုံတွင် ညအိပ်ရပ်နားပြီး စက်တင်ဘာ ၂၃ ရက်တွင် ခါကာဘိုရာဇီတောင် Base Camp ၏ အမြင့်ပေ ၁၃၂၀၀ သို့ ရောက်ရှိမည်ဖြစ်ကြောင်း ထူးဖောင်ဒေးရှင်းမှ ထုတ်ပြန်သော သတင်းများအရ သိရသည်။ **ခင်ဇာလီ(ကြေးမုံ)**



# ဝိုင်းမော်မြို့နယ်တွင် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**
အမှတ်(၂)မူးယစ်တပ်ဖွဲ့စု မြစ်ကြီးနားမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၀ ရက်က ဝိုင်းမော်မြို့နယ် လဘန်ကျေးရွာအနီး ဝိုင်းမော်-ဝါရှောင်သွားလမ်းပေါ်တွင် ဝါရှောင်ဘက်မှ ဝိုင်းမော်ဘက်သို့ ဆိုင်ကယ်မောင်းနှင်လာသူ ဟော်ယိုးအား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် သုံးခွက် (အလေးချိန် ၃၆ ဒသမ ၃ ဂရမ်) သိမ်းဆည်းရမိသဖြင့် ဟော်ယိုး (၃၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**
**(ရဲပြန်ကြား)**



**မြူများအုံ့ဆိုင်းနေသည့် ခါကာဘိုရာဇီရေခဲတောင်အနီး ရာသီဥတုအခြေအနေကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ- ဇေယျာ(သဘာဝခေါ်သံ)**

# ပြည်ကြီးတံခွန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ



**စိုးမင်းထွန်း(ခ)အားရှန်အား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် စက်တင်ဘာ ၂၂**
အမှတ်(၁၀၃)မူးယစ်တပ်ဖွဲ့စု နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၀ ရက်က ပြည်ကြီးတံခွန်မြို့နယ် ဗထူးလမ်းနှင့် မင်းရဲကျော်စွာလမ်းကြား (၅၁) လမ်း သင်ပန်းကုန်းရပ်ကွက်နေ စိုးမင်းထွန်း(ခ)အားရှန်၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂ ပြားနှင့် ဘိန်းဖြူ ၂ ဂရမ် သိမ်းဆည်းရမိသဖြင့် စိုးမင်းထွန်း(ခ)အားရှန်(၂၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

**မူးယစ်ကိုပစ် တေးကိုချစ်**



# စပိန်လာလီဂါ အမှတ်ပေးဇယားထိပ်၌ ဘာစီလိုနာ ဆက်လက်ရပ်တည်

လီဗန်တေးအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် စပိန်လာလီဂါပွဲစဉ်(၄)အဖြစ် စက်တင်ဘာ ၂၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အဝေးကွင်းသို့လာရောက်ကစားခဲ့ရသည့် ဘာစီလိုနာအသင်းသည် အိမ်ရှင်လီဗန်တေးအသင်းအား ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် နေမာ၊ မက်ဆီ၊ ပက်ဒရို၊ အင်နီယေစတာ၊ ဘက်စကွက်၊ ရာကီတစ်၊ အယ်လ်ဘာ၊ မာရှေယာနို၊ ဒန်နီအဲလ်ဘက်၊ မက်သယူး စသည့်ကစားသမားများကို ၄-၃-၃ ပုံစံဖြင့် ပွဲထွက်ကစားစေခဲ့ပြီး ပထမပိုင်းပွဲကစားချိန် ၃၄ မိနစ်မှာပင် မက်ဆီ၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် တိုက်စစ်မှူးနေမာက အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် လီဗန်တေးအသင်းသည် ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းရင်း ပွဲကစားချိန် ၄၂ မိနစ်တွင် လီဗန်တေးနောက်ခံလူ ဗန်ထရာ တိုက်ရိုက်အနီကတ်ပြခံခဲ့ရသည်။ တိုက်စစ်မှူး မက်ဆီမှာမူ ရရှိလာခဲ့သည့် ပင်နယ်တီအခွင့်အရေးကို ကောင်းစွာအသုံးမချနိုင်ခဲ့ပေ။ သို့ရာတွင် ရာကီတစ်၏ သွင်းဂိုးဖြင့် ၄၄ မိနစ်တွင် ဘာစီလိုနာအသင်းသည် ဒုတိယဂိုးကို ထပ်မံရရှိခဲ့ခြင်းကြောင့် ပထမပိုင်းပြီးချိန်တွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲကစားချိန် ၅၇ မိနစ်တွင် တိုက်စစ်မှူးနေမာ၏ နေရာတွင် လူစားဝင်လာသည့် ဆန်ဒရိုရာမီရက်ဇ်က ဘာစီလိုနာအသင်းအတွက် တတိယမြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပြီး ပွဲကစားချိန် ၆၄ မိနစ်တွင် ဂျော်ဒီအယ်လ်ဘာ၏ ဖန်တီးပေးမှုဖြင့် ပက်ဒရိုက တစ်ဂိုးနှင့် ပွဲကစားချိန် ၇၇ မိနစ်တွင် တိုက်စစ်မှူးမက်ဆီက တစ်ဂိုး စသည်ဖြင့် အိမ်ကွင်း၌ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည့် လီဗန်တေးအသင်းကို သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း ငါးဂိုးပြတ်ဖြင့် ဦးဆောင်ကစားနိုင်ခဲ့ခြင်းကြောင့် စပိန်လာလီဂါ၏ ထိပ်တန်းအသင်းဖြစ်သည့် ဘာစီလိုနာအသင်းသည် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

(ငွေကြယ်)



၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယကဖလား အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ အသက် (၁၂)နှစ်အောက် ကိုးယောက်တွဲ အဖွဲ့လိုက်ယှဉ်ပြိုင်ကြစဉ်။

ကိုနေ(ပြန်/ဆက်)

# အာရှအိုလံပစ်ကောင်စီ ဂုဏ်ထူးဆောင်ဆုတံဆိပ် မြန်မာနိုင်ငံမှဆွတ်ခူးရရှိ

**အင်ချွမ်း စက်တင်ဘာ ၂၂**

(၃၃)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ (OCA) အထွေထွေညီလာခံ အစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့ Songdo Convensia ၌ ကျင်းပရာ အာရှအိုလံပစ်ကောင်စီက ချီးမြှင့်သော ဂုဏ်ထူးဆောင် ဆုတံဆိပ်ကို မြန်မာနိုင်ငံမှ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်အား ချီးမြှင့်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဂုဏ်ထူးဆောင်ဆုတံဆိပ် ချီးမြှင့်ခြင်းခံရသူများမှာ အာရှအိုလံပစ်ကောင်စီတွင် အားကစားလှုပ်ရှားမှုများ၊ အားကစားအတွေးအခေါ်များ၊ အားကစားမြှင့်တင်ရေးဆောင်ရွက်မှုလုပ်ငန်းများအား စွမ်းစွမ်းတမံ၊ တစိုက်မတ်မတ်၊ နှစ်ရှည်လများ ဆောင်ရွက်ခဲ့ကြသူများကို ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အထွေထွေညီလာခံသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ တက်ရောက်ကြသည်။ အာရှအိုလံပစ်ကောင်စီဥက္ကဋ္ဌ CHEIKH.AHMED က အဖွင့်အမှာစကားပြောကြားပြီး (IOC)အပြည်ပြည်ဆိုင်ရာဥက္ကဋ္ဌ Dr. THOMAS BACH က ကြိုဆိုနှုတ်ဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကျင်းပရေး ဥက္ကဋ္ဌနှင့် တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့တော်ဝန်တို့က ကြိုဆိုနှုတ်ဆက်ကြပြီး (OCA) အာရှအိုလံပစ်ကောင်စီ၏ဂုဏ်ထူးဆောင် ဆုတံဆိပ်ရရှိသူများကို အာရှအိုလံပစ်ကောင်စီဥက္ကဋ္ဌက တစ်ဦးချင်းဆုတံဆိပ်များ ချီးမြှင့်ရာ မြန်မာနိုင်ငံမှ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်၊ တောင်ကိုရီးယားနိုင်ငံသား သုံးဦး၊ ကူဝိတ်နိုင်ငံသား နှစ်ဦးတို့က အထူးဂုဏ်ထူးဆောင် ဆုတံဆိပ်ကို လက်ခံကြသည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အား/ကာ)

## ပရီမီယာလိဂ် ပွဲစဉ် (၅) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| အဲဗာတန် | ၂ - ၃ | ခရစ္စတယ်ပဲလေ့စ် |
| မန်စီးတီး | ၁ - ၁ | ချယ်လ်ဆီး |

## ဘွန်ဒက်လီဂါ ပွဲစဉ် (၄) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ကိုလုံး | ၀ - ၀ | မိုချင်ဂလက်ဘတ် |

## စပိန်လာလီဂါ ပွဲစဉ် (၄) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဗီလာရီးယဲလ် | ၄ - ၂ | ဗယ်လီကာနို |
| ကော်ဒိုဘာ | ၁ - ၃ | ဆီဗီးလ် |
| လီဗန်တေး | ၀ - ၅ | ဘာစီလိုနာ |

## စီးရီးအေ ပွဲစဉ် (၃) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| အတ္တလန္တာ | ၀ - ၁ | ဖီအိုရင်တီးနား |
| အူဒီးနီးစ် | ၁ - ၀ | နာပိုလီ |
| ပါလာမို | ၁ - ၁ | အင်တာမီလန် |
| တိုရီနို | ၀ - ၁ | ဗီရိုနာ |

(မောင်မောင်ဇော်)


# မန်ယူနောက်ခံလူ စမောလင်းကိုခေါ်ယူရန် အာဆင်နယ်ကြိုးပမ်းမည်


အာဆင်နယ်အသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း မန်ယူအသင်း၏ အင်္ဂလန်နောက်ခံကစားသမား ခရစ္စမောလင်းအားခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

မန်ယူနည်းပြ လူးဝစ်ဗန်ဟားလ်မှာလည်း အသင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့် စမောလင်းအား ရောင်းထုတ်သွားရန် ဆန္ဒရှိနေပြီး ၎င်း၏နေရာတွင် ထိပ်တန်းအဆင့် နောက်ခံ ကစားသမားတစ်ဦးကို အစားထိုးခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း ဗြိတိန်သတင်းစာ Mirror က ဖော်ပြသည်။

အာဆင်နယ်အသင်းမှာ ယခုနှစ်ဘောလုံးရာသီ မစတင်မီကပင် မန်ယူတိုက်စစ်မှူး ဒန်နီဝဲလ်ဘက်အား ခေါ်ယူထားခဲ့ပြီး နောက်ထပ်မန်ယူကစားသမားတစ်ဦးဖြစ်သည့် စမောလင်းကိုပါ ချိန်ရွယ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကိုရဲ)**

**အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**



















ကြော်ငြာ





usd81
usd161 perth usd202 usd206
usd281 usd485
in collaboration with

tigerair.com

• top airline by passenger growth (s'pore)
• top 5 airlines by passenger carriage

UNIQUE STAR TRAVELS

ရုပ်ရှင်အောင် ဝင်းမှုန် အငြိမ့်အပြေး ကြေး

သင့်သွေးဖြင့် အသက်ကယ်ပါ

PH: 09-49300967
09-420185599

FREDA




အရိုးအကြော၊ တင်ပါးဆုံရိုး နှင့် ဒူးဆစ်ပိုင်းဆိုင်ရာ အထူးကု

ခွဲစိတ်ကုသမှုအစီအစဉ်

မှန်ပြောင်းဖြင့်ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)၊ အရိုးအကြော၊ တင်ပါးဆုံရိုးနှင့် ဒူးဆစ်ပိုင်းဆိုင်ရာ အထူးကုခွဲစိတ်ကုသခြင်း၊ Ilizarov နည်းပညာသုံး၍ အရိုးရှည်အောင်ခွဲစိတ်ကုသခြင်းနှင့် အခြားသောအရိုးရောဂါများကို

စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံမှ ဆရာဝန်ကြီးတို့ ပူးပေါင်း၍ စက်တင်ဘာလ ၂၇ ရက်မှ ၃၀ ရက်နေ့အထိ လာရောက်ကုသပေးမည်ဖြစ်ပါသည်။




# သံလွင်ကွန်ဒို Than Lwin Condo





*Best, simply...*



- ရန်ကုန်မြို့ အိမ်ပေါက်(၁)နေရာ အင်းယားလမ်းပေါ် (သစ်သီးတန်းအနီး)။
- ၂၈၀၀ စတုရန်းပေ ကျယ်ဝန်းသည့် (၁)လွှာတွင်(၁)ခန်းသာပါဝင်သည့် ဖွဲ့စည်းထားသည်။ (ရေချိုးခန်းအိမ်သာတွဲလျက်အိပ်ခန်း(၄)ခန်း၊ ဘုရားခန်း၊ စာကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ အိမ်အကူအခန်းနှင့်၊ ဝရန်တာ)
- ဘုရားခန်း၊ စာကြည့်ခန်း၊ ထမင်းစားခန်းများမှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကြည်ညိုဖူးမြော်နိုင်သည်။ အလင်းရောင်၊ လေကောင်းလေသန့် ကောင်းမွန်စွာရရှိနိုင်မည့် အခန်းများကို နိုင်ငံတကာအဆင့်မီ ဖွဲ့စည်းထားသည်။
- ဆောက်လုပ်ရေးလုပ်ငန်းများ (၅၀)ရာခိုင်နှုန်း ပြီးစီးနေပြီး (၁၀)လ အတွင်းအပြီး နေထိုင်နိုင်မည်။
- ဓါတ်လှေကား၊ ကားပါကင်နှင့် အခြား facility များကို စီမံခန့်ခွဲမည့် အစီအစဉ်များပါဝင်သည်။
- ဘိုးဘွားပိုင်မြေပေါ်တွင် တည်ဆောက်ထားသည်။

- Best Location in town, On Inya Road (Near fruit market)
- Spacious apartment with 4 bedrooms (bathrooms attached), Study, Shrine, Living, Dinning, Kitchen, Maid room and Balcony; Only 1 unit per floor (2800 sqft per 1 unit)
- Splendid view – View to famous Shwe Dagon Pagoda, Apartment is composed of bright rooms, Laid out in a contemporary style
- 10 months till completion
- Lift, car parking & facilities management are included
- Freehold land

GREEN VISION Construction Co., Ltd.

No. 470, Thitsar Road, South Okkalapa Tsp. Yangon, Myanmar

+95-1-1220851
+95-9-421057251
+95-9-254854952

# မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၆ ခုနှစ်၊ လ ရက်**
**(၂၀၁၄ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကိုမျိုးစေ့ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မျိုးစေ့ဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (င) ၏ နောက်၌ပုဒ်မခွဲ (င-၁)နှင့် (င-၂)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င-၁) **မိဘမျိုးလိုင်းဆိုသည်မှာ** မျိုးမွေးမြူထုတ်လုပ်ရန် အတွက် မိဘအဖြစ်အသုံးပြုသော မျိုးလိုင်းများကို ဆိုသည်။

(င-၂) **နှစ်ရှည်သီးနှံဆိုသည်မှာ** တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားပြီး အပင်အမျိုးအစားအလိုက် နှစ်ကာလတစ်ခုတွင် အကျိုးအမြတ်ရရှိနိုင်မည့် သီးနှံကို ဆိုသည်။"

(ခ) ပုဒ်မခွဲ(ဈ)၌ ပါရှိသော "စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်း"ဆိုသည့် စကားရပ်၏ ရှေ့တွင် "ပြည်ပသို့ တင်ပို့၍ဖြစ်စေ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ည)၌ ပါရှိသော "သတ်မှတ်သောအလေးချိန်" ဆိုသည့် စကားရပ်၏ရှေ့တွင် "သီးနှံအမျိုးအစားအလိုက်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ မျိုးစေ့ဥပဒေတွင် ပါရှိသော "မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း" ဆိုသည့် စကားရပ်များကို "စိုက်ပျိုးရေးဦးစီးဌာန"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ မျိုးစေ့ဥပဒေ ပုဒ်မ ၅ တွင် ပုဒ်မခွဲ(ဆ)၏ နောက်၌ ပုဒ်မခွဲ(ဇ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်၍ မူလဥပဒေပါ ပုဒ်မခွဲ(ဇ)ကို ပုဒ်မခွဲ(ဈ) အဖြစ် အမှတ်စဉ်ပြောင်းလဲရေတွက်ရမည်-

"(ဇ) မှတ်ပုံတင်လက်မှတ်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊"

၅။ မျိုးစေ့ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင် "စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်" ဆိုသည့်စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မျိုးစေ့ဌာနခွဲ)"ဟူသောစကားရပ်ဖြင့် အစားထိုးရမည်။

၆။ မျိုးစေ့ဥပဒေတွင် ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈ (က) အသိအမှတ်ပြုလက်မှတ်ရရှိရန် ရည်ရွယ်သော အပင်မျိုးသစ်ကို စမ်းသပ်စိုက်ပျိုးရန် ပြည်တွင်းသို့ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် အပင်မျိုးသစ်တင်သွင်းခွင့်အတွက် ထောက်ခံချက်ရရှိရန် မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ အမျိုးသားမျိုးစေ့ကော်မတီသို့ လျှောက်ထားရမည်။

(ခ) အမျိုးသားမျိုးစေ့ကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီအား သတ်မှတ်ချက်များနှင့်အညီ စိစစ်စေပြီး အပင်မျိုးသစ်ကို ပြည်တွင်းသို့ တင်သွင်းခွင့်အတွက် ထောက်ခံချက်ထုတ်ပေးနိုင်သည်။"

၉။ (က) အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းသို့မဟုတ် ပြည်တွင်းသို့တင်သွင်းခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်လိုသည့် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းလိုသည့် အပင်မျိုးသစ်အတွက် အသိအမှတ်ပြုလက်မှတ်ရရှိရန် အပင်မျိုးသစ်၏ မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ အမျိုးသားမျိုးစေ့ကော်မတီသို့တင်ပြ၍ လျှောက်ထားရမည်။

(ခ) အမျိုးသားမျိုးစေ့ကော်မတီသည် ပုဒ်မ ၉(က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စမ်းသပ်စိုက်ပျိုးပြီး စိစစ်တင်ပြရန်မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ တာဝန်ပေးအပ်ရမည်။ စပ်မျိုး မိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံမျိုးသစ်များကို စမ်းသပ်စိုက်ပျိုးခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၁၀။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည်-

(က) အပင်မျိုးသစ်ကို မျိုးနှင့်သင့်လျော်ပြီး ရာသီဥတုကွဲပြားခြားနားသည့် ဒေသသုံးခု၌ အနည်းဆုံးတစ်ရာသီ စမ်းသပ်စိုက်ပျိုး၍ အောက်ပါအချက်များပေါ်တွင် အခြေခံပြီး အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သင့် မသင့် စိစစ်ရမည်-

(၁) ပြည်တွင်း၌ စိုက်ပျိုးပါက ကောင်းမွန်စွာဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ၊

(၂) စမ်းသပ်စိုက်ပျိုးသော အပင်မျိုးသစ်သည် လက်ရှိအပင်မျိုးထက် သာလွန်ကောင်းမွန်သောအချက်များရှိ မရှိနှင့် ထူးခြားသည့်အရည်အသွေး ရှိ မရှိ၊

(၃) အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ မရှိ၊

(ခ) ပုဒ်မခွဲ(က)အရ စိစစ်တွေ့ရှိသည့် အပင်မျိုးသစ်ကိုလည်းကောင်း၊ မိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံများအတွက် မျိုးနှင့်သက်ဆိုင်သည့် အရည်အသွေးလက္ခဏာများ၊ သတင်းအချက်အလက်များကို ပြည့်စုံစွာပြုစုထားသည့် မှတ်တမ်းများကို လည်းကောင်း စိစစ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ အမျိုးသား မျိုးစေ့ကော်မတီသို့ တင်ပြရမည်။

၇။ မျိုးစေ့ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)တွင်ပါရှိသော "ထောက်ခံ" ဆိုသည့်စကားရပ်ကို "သဘောထားမှတ်ချက်နှင့်အတူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး "ထုတ်လုပ်ရန် သို့မဟုတ် ပြည်တွင်းသို့တင်သွင်းရန် လျှောက်ထားသော" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)တွင်ပါရှိသော "မျိုးစေ့ အမျိုးအစား"ဆိုသည့်စကားရပ်ကို "သီးနှံအမျိုးအစား" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် စ၌ ဖော်ပြသော စကားရပ်တစ်ခုလုံးအား ပယ်ဖျက်၍ "မျိုးစေ့အရည်အသွေးထောက်ခံချက်" ဟူသောစကားရပ်ဖြင့် အစားထိုးဖော်ပြရမည်။

၁၀။ မျိုးစေ့ဥပဒေပုဒ်မ ၂၈ တွင် "ကျပ်နှစ်သိန်း"ဆိုသည့်စကားရပ်အစား "ကျပ်တစ်ဆယ်သိန်း"ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။

၁၁။ မျိုးစေ့ဥပဒေပုဒ်မ ၂၉တွင်"ကျပ်တစ်သိန်း"ဆိုသည့်စကားရပ်အစား "ကျပ်တစ်ဆယ်သိန်း" ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။

၁၂။ မျိုးစေ့ဥပဒေပုဒ်မ ၃၀တွင်-

(က) ပုဒ်မခွဲ(က)၌ပါရှိသော "ဖြန့်ဖြူးရောင်းချခြင်း" ဆိုသည့် စကားရပ်၏ရှေ့တွင် "စီးပွားရေးအလို့ငှာ မဟုတ်သော" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ(ခ)တွင် မျိုးပွားခြင်းမဟုတ်ဘဲဆိုသည့်စကားရပ်၏ နောက်တွင် "သီးနှံစေ့"ဟူသည့်စကားရပ်ကို ထပ်မံဖြည့်စွက်ဖော်ပြရမည်။

၁၃။ မျိုးစေ့ဥပဒေပုဒ်မ ၃၂ တွင်ပါရှိသော "မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့သုတေသနပြုလုပ်သူ" ဆိုသည့် စကားရပ်ရှေ့၌ "စီးပွားရေးအလို့ငှာမဟုတ်သည့်"ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၄။ မျိုးစေ့ဥပဒေတွင် ပုဒ်မ ၃၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၃။ စိုက်ပျိုးရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်နှင့် အခြားထိခိုက်ပျက်စီးမှုများကြောင့် သီးနှံပြန်လည်စိုက်ပျိုးရန် မျိုးလိုအပ်ချက်ဖြစ်ပေါ်လာပါက မျိုးအဖြစ် အသုံးပြုသင့်သည့် သီးနှံစေ့များကို စိုက်ပျိုးခွင့်ပြုနိုင်သည်။"

၁၅။ မျိုးစေ့ဥပဒေပုဒ်မ ၃၄ တွင် "အစိုးရဌာန"ဟူသောစကားရပ်၏နောက်တွင် "များ"ဟူသော စကားရပ်ကိုဖြည့်စွက်၍ "အဖွဲ့အစည်းတစ်ခုခု" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၆။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၇ တွင် ပြည်တွင်းသို့တင်သွင်းလိုသူဆိုသည့် စကားရပ်နောက်တွင် "သို့မဟုတ် ပြည်ပသို့တင်ပို့လိုသူ" ဟူသောစကားရပ်ကို ဖြည့်စွက်ရမည်။

၁၇။ မျိုးစေ့ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ(က)နှင့်(ခ)အား ပယ်ဖျက်၍ ပုဒ်မခွဲ(က) အဖြစ် "အမျိုးသားမျိုးစေ့ကော်မတီနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ၏ ရုံးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ရမည်"ဟု အစားထိုးဖော်ပြရမည်။

၁၈။ မူလမျိုးစေ့ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ(ဂ)အား ပုဒ်မခွဲ(ခ)အဖြစ် ပြောင်းလဲရေတွက်ပြီး ပုဒ်မခွဲ(ခ)တွင် "လုပ်ငန်းအဖွဲ့ခွဲများ"ဆိုသည့် စကားရပ်ကို "ကော်မတီခွဲများ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**အများပြည်သူ လေ့လာသိရှိအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

## ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း

**၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း**
**(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို**
**ရုပ်သိမ်းသည့်ဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၆ ခုနှစ်၊ လ၊ ရက်**
**(၂၀၁၄ ခုနှစ် လ၊ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ [ The Requisitioning (Emergency Provisions) Act, 1947]ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။


**အများပြည်သူ လေ့လာသိရှိအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။**




**အများသိစေရန်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်စုပေါင်းအိမ်ရာ၊ အမှတ်(၄)ရပ်ကွက်၊ အေးရိပ်မွန် (၁) လမ်း၊ တိုက်အမှတ်(၁၇)၊ အခန်းအမှတ်(၀၀၂)(မြေညီထပ်)အခန်းကို အမည်ပေါက် ဒေါ်ချစ်ထံမှလည်းကောင်း၊ အခန်းအမှတ်(၁၀၂)(ပထမထပ်)အခန်းကို အမည်ပေါက် ဦးချမ်းသာထံမှလည်းကောင်း၊ အကျယ်(၁၅ပေ× ပေ၅၀)အသီးသီးရှိသော အဆိုပါတိုက်ခန်း(၂)ခန်းကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသော အေးရိပ်မွန်စီမံကိန်းစာချုပ်တွင် အထက်ဖော်ပြပါ မူလအမည်ပေါက်သူများထံမှ ကျွန်ုပ်မိတ်ဆွေတစ်ဦးက လွန်ခဲ့သော(၁၅)နှစ်ကတည်းက အမှန်တကယ် ဝယ်ယူပိုင်ဆိုင်လက်ရောက် ရရှိခဲ့ပြီးသော တိုက်ခန်းများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီလာခိုင်**(LL.B, D.B.L)** တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၇)
အမှတ်(၄၀/၂၅)၊ ဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၂၀၁၆၅၇၇၄



## လောကမာရ်အောင်စေတီတော် လျှပ်စစ်မီးတပ်ဆင်ရန် လှူဒါန်း

**မြစ်ကြီးနား၊ စက်တင်ဘာ ၂၂**

မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ရှေးဟောင်း သမိုင်းဝင် လောကမာရ်အောင် ဆုတောင်းပြည့် စေတီတော် ပရဝုဏ်အတွင်းရှိ လျှောင်းတော်မူ၊ ရပ်တော်မူ ရုပ်ပွားတော်မြတ်များနှင့် ဆုတောင်း ပြည့်ဘုန်းတော်ကြီးကျောင်းတိုက် အပါအဝင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား အများ ပြည်သူများ ကြည်ညိုပူဇော်နိုင်ရန်အတွက် ၂၀၀- ကေဗွီအေ လျှပ်စစ်ထရန်စဖော်မာ တပ်ဆင်ပူဇော် ရန် မတည်အလှူငွေပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ရင်ပြင် တော်ရှိ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါ စရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသ အမှူးပြုသည့် မြို့ပေါ် ကျောင်းတိုက်များနှင့် သံဃာတော် ဆရာတော်ကြီး များ ကြွရောက်တော်မူကာ စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မတည်အလှူရှင် ဒေါ်ကြင်မြိုင် (KISS ME) မိသားစုတို့က အလှူငွေကျပ်သိန်း တစ်ရာကို ဆရာတော် ဘဒ္ဒန္တသီလဝံသထံ ဆက်ကပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်က လက်ခံရယူခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## မန္တလေးတွင်အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် လူရွှင်တော် စွမ်းရည်ပြိုင်ပွဲ အငြိမ့်အဖွဲ့ကိုးဖွဲ့ ပါဝင်ယှဉ်ပြိုင်




**မန္တလေး၊ စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင် များအစည်းအရုံး လူရွှင်တော်များအဖွဲ့နှင့် Equality Myanmar အဖွဲ့တို့ ကြီးမှူး၍ စက်တင်ဘာ ၂၁ ရက်တွင်ကျရောက်သည့် အပြည် ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အထိမ်း အမှတ် မန္တလေးမြို့ရှိ ဇာတ်အငြိမ့်များမှ လူရွှင်တော်များ စွမ်းရည်ပြိုင်ပွဲကို စက်တင် ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီမှ ည ၈ နာရီအထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်း နှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

လူရွှင်တော်စွမ်းရည်ပြိုင်ပွဲတွင် မန္တလေး မြို့ရှိ သက်ကြီးလူရွှင်တော်ကြီးများက ဒိုင်လူ ကြီးများအဖြစ် ဆောင်ရွက်ကြပြီး မန္တလေးမြို့ ရှိ ဇာတ်သဘင်နှင့် အငြိမ့်အဖွဲ့များမှ အဖွဲ့ကိုး ဖွဲ့က အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ကို ဂုဏ်ပြု၍ ငြိမ်းချမ်းရေးမရှိပါက ကမ္ဘာကြီး တည်ငြိမ်အေးချမ်းမှု မရှိနိုင်ကြောင်း ပျော်ရွှင် ဖွယ်ရာဟာသပြက်လုံးများဖြင့် ပါဝင်ယှဉ် ပြိုင် တင်ဆက်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ပထမ၊ ဒုတိယ၊ တတိယ နှင့် နှစ်သိမ့်ဆုရအသင်းများအား တာဝန် ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

အဆိုပါဇာတ်အငြိမ့်များမှ လူရွှင်တော် များစွမ်းရည်ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသ ကြီး သဘင်ပညာရှင်များအစည်းအရုံး အတွင်းရေးမှူး ဦးနန်းငွေအောင်နှင့် အမှု ဆောင်များ၊ လူရွှင်တော်များအသင်းဥက္ကဋ္ဌ နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ငြိမ်းချမ်းရေးမြတ်နိုးသူများ တက်ရောက် အားပေးခဲ့ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

## ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်အတွင်း နံရံကပ်စာပေရေချမ်းစင်၌ စာအုပ်သစ်များဖြည့်ဆည်း



**မိုင်းယန်း၊ စက်တင်ဘာ ၂၂**

ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် အတွင်းရှိ ပြည်သူများ စာအုပ်စာပေ များကို အခမဲ့ အလွယ်တကူ ဖတ်ရှု လေ့လာနိုင်ရေးနှင့် အသိပညာဗဟု သုတများ တိုးပွားပြီး လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာ စေရန်အတွက် လူစည်ကားရာနေရာ များတွင် အများပြည်သူဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်အနေဖြင့် နံရံကပ် စာပေ ရေချမ်းစင်များ ထားရှိဆောင် ရွက်ပေးလျက်ရှိသည်။

အဆိုပါကျိုင်းတုံခရိုင်၊ မိုင်းယန်း မြို့နယ်အတွင်းရှိ နံရံကပ်စာပေ ရေချမ်းစင်တွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊စိုက်ပျိုး မွေးမြူရေးနှင့် ပြည်သူ့နီတိအပါ- အဝင် သုတ ၊ရသ စုံစုံလင်လင်ပါရှိ သည့်စာအုပ်စာစဉ် ၁၃မျိုးကို ထား ရှိပေးပြီး ယင်းနံရံကပ်စာပေရေချမ်း စင်များသို့ မိုင်းယန်းမြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဝန်ထမ်းများက လစဉ် စာအုပ် စာစောင်အသစ်များ ဖြည့်ဆည်း ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်**

## ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်း မိုင်တိုင်အမှတ် (၁၇/၁) အနီးတွင် တမလန်းသစ်များ ဖမ်းဆီးရမိ

**ကန့်ဘလူ၊ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ငှက်ပျောတိုင်းကျေးရွာ ရွှေဘို- မြစ်ကြီးနား ဗျူဟာကားလမ်း မိုင်တိုင်အမှတ် (၁၇/၁) အနီးတွင် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက တရားမဝင်သယ်ဆောင်လာသော တမလန်းခွဲစားရှေ ခွဲသား ၅ ဒသမ ၅ တန်ခန့်အား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်ဉ်မှာ တောအုပ်ကြီးဦးမြင့်တင်နှင့် သစ်တောဝန်ထမ်းများ၊ ငှက်ပျော တိုင်းရဲကင်းမှူး တပ်ကြပ်ကြီး ဗိုင်လျှံခန်းနှင့် တပ်ဖွဲ့ဝင်များ၊ ကန့်ဘလူသတင်း တပ်ဖွဲ့မှ ဒုတပ်ကြပ်မောင်မောင်စိုးနှင့် ငှက်ပျောတိုင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်မောင်တို့ပါဝင်သော တရားမဝင်သစ်ဖမ်းဆီးရေးအဖွဲ့သည် သတင်းအရ ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်း မိုင်တိုင်အမှတ် (၁၇/၁) အနီးတွင် ဟီးနိုး ၁၂ ဘီးကားအား ရပ်တန့်စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့ ဟီးနိုး ၁၂ ဘီးယာဉ်အား ရှာဖွေရာတွင် ယာဉ်ပေါ်၌တမလန်းခွဲစားရှေ ခွဲသား ၅ ဒသမ ၅ တန်ခန့်ကို ယာဉ်နောက်လိုက် အေးဝင်းမောင် (ဝန်ဇင်းရပ်ကွက်၊ မိတ္ထီလာမြို့) နှင့်အတူ ဖမ်းဆီးရမိပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွား၍ ဥပဒေ အရအရေးယူပေးရန် တိုင်တန်းခဲ့ရာ ဇီးကုန်းရဲစခန်း (ပ)အမှတ် (၁၄၇/၁၄) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း**

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၄)လမ်း၊ တိုက်အမှတ်(၁၀၀)၊ အခန်း(၃/B)၊ ဒုတိယထပ်၊ ခြေရင်းခန်း၊ အကျယ်အဝန်း(၁၇×၅၅)ပေ တိုက်ခန်းနှင့် ပတ်သက်၍ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် အိမ်ငှားဖြစ်သူ ဒေါ်နုနုစော၊ အဖ-ဦးမင်လတန်-အမိ-ဒေါ်လေးတို့နှင့် အများသိစေရန်ကြေညာချက်**

အထက်ဖော်ပြပါ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးသီတာဝင်း [၁၂/ဥကတ(နိုင်)၁၃၉ ၃၈၁]က တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ထိုတိုက်ခန်းကို ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ထိုတိုက်ခန်းအား ၂၀-၅-၂၀၁၃ရက်မှစ၍ တိုက်ခန်းရောင်းချသူ ဒေါ်နုနုစော [၁၂/အလန(နိုင်)၀၃၀၂ ၀၅]အား လူမှုရေးအရ ညှာတာထောက်ထားသောအားဖြင့် ပြန်လည်ငှားရမ်းနေထိုင်ခွင့်ပြုခဲ့ပါသည်။ ယခုအခါ တိုက်ခန်းဝယ်ယူ ပိုင်ဆိုင်သူက ထိုတိုက်ခန်းကိုရောင်းချရန်အတွက် ငှားရမ်းနေထိုင်သူ ဒေါ်နုနုစောနှင့် မိသားစုအား ၁၀- ၁၀-၂၀၁၄တွင် နောက်ဆုံးထား၍ တိုက်ခန်းပိုင်ရှင်သို့အပြီးအပိုင်ပြန်လည်အပ်နှံရန် သတိပေးအပ်ပါသည်။ အကယ်၍ တိုက်ခန်းပိုင်ဆိုင်သူ ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ ထိုတိုက်ခန်းအား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးချစ်(**LL.B**)
ဥပဒေအကြံပေးနှင့် ဥပဒေအကျိုးဆောင်
ရွှေစံမြတ်အထွေထွေဝန်ဆောင်မှုလုပ်ငန်း
အမှတ်(၃၁)၊ မြေညီ(၉)လမ်း၊ လမ်းမတော်။ ဖုန်း-၀၁-၂၂၇၅၀၀၊ ၀၉-၅၁၀၇၅၄၇

**ကန့်ကွက်နိုင်ပါသည်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(အာအေ-၄)၊ ဦးပိုင် အမှတ်(၅၁-က)၊ မြေဧရိယာ(၀. ၆၄)ဧကနှင့် ဦးပိုင်အမှတ်(၅၁-င)၊မြေဧရိယာ(၁. ၅၂)ဧကအား မြေဂရန် အမည်ပေါက် ဦးထွန်းထွန်း(ခ)ဦးထွန်းသိန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းမောင်မြင့်[၁၃/လရန(နိုင်) ၀၂၇၆၉၂]သည် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၆-၇-၁၉၉၈ ရက်စွဲပါ စာချုပ်အမှတ်-၁၆၉/၁၉၉၈ ဖြင့် အကျိုးခံစားခွင့်လွှဲပြောင်းရယူပြီးဖြစ်၍ အမည်ပေါက် ဦးထွန်းထွန်း(ခ) ဦးထွန်းသိန်းအမည်မှ ဦးစိုင်းမောင်မြင့်အမည်သို့ မြေဂရန်အမည်ပြောင်းရန်နှင့် သက်တမ်းတိုးရန်အတွက် ဦးထွန်းထွန်း(ခ) ဦးထွန်းသိန်းအမည်ဖြင့် မြေငှားဂရန်ရရှိထားသည့်စာချုပ်မှာပျောက်ဆုံးနေပါသဖြင့် မြေငှားဂရန်စာချုပ် မိတ္တူမှန်လျှောက်ထားရယူရန်အတွက် ကန့်ကွက်မည့်သူများရှိပါက (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ် စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မြေငှားဂရန် မိတ္တူမှန်ရရှိရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးချန္ဒရာ
**B.Sc (Phy), H.G.P, M.A (Business Law),**
**D.B.L, D.M.L, D.I.L, D.A.Psy, D.A.E, D.B.S, PG Diploma in Law**
အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး (စဉ်-၁၈၅၆၆)
အမှတ်(၅၀)၊ အခန်း(စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၁၃၇၈၊ ၀၉-၇၃၁၄၅၃၉၆

# မွန်ပြည်နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွား ရောင်းဝယ်ဖောက်ကားမှုပြုရာတွင်လည်း ပုံစံအမျိုးမျိုးဖြင့်လုပ်ဆောင်လာကြ

**မော်လမြိုင်၊ စက်တင်ဘာ ၂၂**

မွန်ပြည်နယ်အတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွားများပြားလာပြီး သုံးစွဲရောင်းဝယ်ဖောက်ကားမှုများလည်း ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်လာကြကြောင်းသိရသည်။

ထိုသို့ရောင်းဝယ်ဖောက်ကားသုံးစွဲမှုများအတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၃ နာရီက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခေတ္တမွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ကျော်ဦးက မွန်ပြည်နယ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာ တစ်နှစ်ထက်တစ်နှစ် များပြားလာသော်လည်း ပပျောက်မှုမရှိသေးကြောင်း၊ မွန်ပြည်နယ်တွင်ပြုလုပ်သည့် လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်မှ လူငယ်ထုကလည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တောင်းဆိုမှုပြုခဲ့ကြောင်း ပြောကြားခဲ့သည်။

မွန်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ်တွင် မူးယစ်ဆေးဝါးမှု ၄၄ မှု၌ ဆေးခြောက် ၁၅ ဒသမ ၃၇ ကီလို၊ စိတ်ကြွဆေးပြား ၃၃၆၈ ပြား၊ ဘိန်းစာရွက် ၂၂ ဒသ မ ၁၁ ကီလို သိမ်းဆည်းရမိပြီး တရားခံ ကျား ၅၉ ဦးနှင့် မ ၁၂ ဦးတို့ကို တရားစွဲဆိုနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

၂၀၁၃ ခုနှစ် တွင်အမှုပေါင်း ၁၀၅ မှု၌ ဆေးခြောက် ၄ ဒသမ ၅၁၇ ကီလို၊ စိတ်ကြွဆေးပြား ၂၀၇၅၂၂ ပြား၊ ဘိန်းစာရွက် ၁၆ ဒသမ ၃၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး တရားခံ ကျား ၁၄၅ ဦးနှင့် မ ၂၃ ဦးတို့ကို တရားစွဲဆိုနိုင်ခဲ့ကြောင်း ၎င်းကပြောသည်။

ယခုနှစ် စက်တင်ဘာ ၁၅ ရက်ထိတွင်လည်း အမှုပေါင်း ၁၁၄ မှုရှိခဲ့ပြီး ၎င်းတွင် ဆေးခြောက် ၉ ဒသမ ၀၂၈ ကီလို၊ စိတ်ကြွဆေးပြား ၁၄၀၃၀ ပြား၊ အိုက်စ် ၀ဒသမ ၄၅ ဂရမ်တို့ကို သိမ်းဆည်းရမိကာ တရားခံ ကျား ၁၄၇ ဦး၊ မ ၁၅ ဦးတို့ကို တရားစွဲဆိုနိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရရှိမှုများများပြားလာသော်လည်း ပပျောက်မှုမရှိဘဲ နည်းလမ်းမျိုးစုံဖြင့် လှုပ်ရှား ဆိုးရွားနေသည်ဟု သုံးသပ်ပြောဆိုမှုများအပေါ် တားဆီးကာကွယ်မှုနှင့်ပတ်သက်၍ ဝိုင်းဝန်းအဖြေရှာကြရန် ယခုလိုဆွေးနွေးရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ယင်းနောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) မှ ရဲမှူးကြီး မြင့်သိန်းက မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်း၊ ဦးအောင်မင်း၊ ဦးရဲနောင်ထွဋ်နှင့် တက်ရောက်လာသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သတင်းပေးနေရာများ သီးသန့်ထားရှိရေး၊ သတင်းများအတွက် လုံခြုံရေးအနေအထား၊ မူးယစ်ဆေးစွဲသူများအား ဆေးဖြတ်ရေးအတွက် အကူအညီပေးရေး၊ စသည့်ကိစ္စရပ်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

## စင်ကာပူနိုင်ငံဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးအသိပညာပေးဟောပြော

**မန္တလေး၊ စက်တင်ဘာ ၂၂**

စင်ကာပူနိုင်ငံ Parkway ဆေးရုံကြီး၏ လက်အောက်တွင်ရှိသော Mouth Elizabeth Novena ဆေးရုံကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်း ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများက မန္တလေးမြို့မှပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲကိုစက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၆၇ လမ်းထောင့်ရှိ စွမ်းဟိုတယ်မင်္ဂလာခန်းမတွင်ကျင်းပရာ ဖိတ်ကြားထားသူများ၊ စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စင်ကာပူနိုင်ငံ Mouth Elizabeth Novena ဆေးရုံကြီးမှ နားနှာခေါင်းလည်ချောင်း ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ Dr. Christopher Goh က ဦးခေါင်းနှင့်လည်ပင်းဆိုင်ရာကင်ဆာရောဂါများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Dr.Ho Siew Hong က ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ၏ နောက်ဆုံးပေါ်ကုသမှုနည်းလမ်းများ ခေါင်းစဉ်ဖြင့် ဟောပြောကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်းမှုများပြုလုပ်



**မကွေး၊ စက်တင်ဘာလ ၂၂**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် ရွှေရတုပြည့်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အားကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ(မကွေး)၊ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး အောင်ကိုဝင်းနှင့် ဇနီးဒေါ်အေးစုမြတ်တို့ဦးဆောင်၍ တပ်ဖွဲ့ဝင်အရာရှိ အခြားအဆင့် ၆၆ ဦးမှ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးသို့ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီ၌ သွေးလှူဒါန်းမှုကျင်းပခဲ့သည်။

တပ်ဖွဲ့ဝင်များ၏ သွေးလှူမှတ်တမ်းရေးသွင်းခြင်း၊ ကိုယ်အလေးချိန်နှင့် သွေးပေါင်ချိန်ခြင်း ၊ သွေးအမျိုးအစားနှင့် သွေးသန့်ရှင်းမှုစစ်ဆေးခြင်းလုပ်ငန်းများအား ပြည်သူ့ဆေးရုံကြီးမှ တာဝန်ကျဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက စနစ်တကျစစ်ဆေး၍ သွေးလှူဒါန်းခွင့်ပြုကာ သွေးလှူဘဏ်သို့ သွေးပုလင်း ၆၆ ပုလင်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့တွင် ဒုရဲမှူးကြီးအောင်ကိုဝင်းနှင့်ဇနီး၊ ရဲမှူးမျိုးတင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုသွေးလှူဒါန်းသူ တပ်ဖွဲ့ဝင်များအတွက် အားဖြည့်အာဟာရ တိုက်ကျွေးခြင်းများ ပြုလုပ်ခဲ့သည်။

**ဇေယျာတု(မကွေး)**

## တောင်သာတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များထံ လျှော်ဖြူပျိုးပင်များပေးအပ်

**တောင်သာ၊ စက်တင်ဘာ ၂၂**

တောင်သာ မြို့နယ်သစ်တောဦးစီးဌာန ပြည်သူ့ပျိုးဥယျာဉ်တွင် စိုက်ပျိုးထားရှိသည့် လျှော်ဖြူပျိုးပင်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များထံ လျှော်ဖြူပျိုးပင်ပေးအပ်ပွဲကို စက်တင်ဘာ ၂၀ ရက်က မြို့နယ်ပျိုးဥယျာဉ်တွင် ကျင်းပခဲ့သည်။

အဆိုပါလျှော်ဖြူပျိုးပင်ပေးအပ်ပွဲကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် လျှော်ဖြူပျိုးပင်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ကလျာအောင်ထံသို့ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးရွှေနိုင်က လျှော်ဖြူပျိုးပင်များ ပေးအပ်ခဲ့သည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များထံသို့ လျှော်ဖြူပျိုးပင် ၅၀၀၀ ကို ပေးအပ်ခဲ့ပြီး လျှော်ဖြူပျိုးပင်ပေးအပ်ပွဲသို့ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(ပြန်/ဆက်)**


**ကွန်ပျူတာပျက်လျှင် ဖုန်းဆက်လိုက်ပါ**

ဖုန်း ၀၉-၅၁၅၂၈၆၅၊
၀၉-၄၄၈၀၃၄၆၄၁


**ပြင်ဆင်ဖတ်ရှုပါရန်**

၆-၈-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၇) ကန့်ကွက်နိုင်ကြောင်းကြော်ငြာမှ ဦးဟန်စိန်၏ အိမ်အမှတ်(၁၀)၊ ၂-လမ်း၊ ပုသိမ်ညွန့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်အစား အမှတ် ၃၄၊ ၂လမ်း၊ ပုသိမ်ညွန့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အမည်မှန်**

ဦးအောင်အောင်ထွန်း၏ သမီး အထက(၁)၊ Grade-11(C) ဒဂုံမြို့နယ်မှ မနန္ဒာအောင်ထွန်း၏ အမည်မှန်မှာ မနန္ဒာအောင်ဖြစ်ပါသည်။

မနန္ဒာအောင်



**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်များ KAUNG HLYAN FAMILY CO.,LTD မှ သွင်းကုန်လိုင်စင်အမှတ် IL2 13-14 4655 (13-01-2014) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**Ph:09-5005553**

**အမည်တစ်ဦးတည်း**

ရေတာရှည်မြို့နယ်၊ ရေနီမြို့၊ အမှတ်(၂) စက္ကူစက် ဝန်ထမ်းအိမ်ရာနေ မချစ်စုဝင်း (ဒသမတန်းအောင်)၏ဖခင် ဦးမောင်ဝင်း [၇/ရတရ(နိုင်)၀၈၂၂၁၆]နှင့် ဦးဘိုဝင်းမှာ အမည်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်**

"ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လက်ဝဲသုန္ဒရလမ်း၊ မြေကွက်အမှတ်(၄၆၈)၊ (အလျားပေ ၄၀×အနံ ပေ ၆၀) ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအမျိုးအစား အကျယ်အဝန်း (အလျားပေ၂၀×အနံပေ၆၀) ခန့်ရှိသော မြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်၊ ရေ၊ မီး အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်များအားလုံး" [ပေအကျယ်(၄၀'×၆၀')ရှိသည့် အနက်မှ ပေ(၂၀×၆၀)ခြေရင်းခြမ်းလမ်းကို မျက်နှာမူသော် လက်ဝဲဘက်] (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးထွန်းစိန် အမည် ပေါက်) အထက်ပါမြေနှင့် နေအိမ်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မာအေး[၁/မကတ(နိုင်)၀၅၄၆၅၂]ထံမှ တရားဝင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်း ကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဦးမြင့်သန်း(**LL.B**) | ဒေါ်သဇင်အေး(**LL.B**) | ဒေါ်သက်ထားဆွဲ(**LL.B**) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၆၉၆၃) | (စဉ်-၈၃၃၂) | (စဉ်-၄၂၈၉၉) |

"ဇလပ်ပွင့်" အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း
အမှတ်(၅၇)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၃၁၅၄၈၃၄၈၊ ၀၉-၃၁၅၄၈၃၃၁၊ ၀၉-၃၀၃၄၇၃၉၈

**ဦးတင်အေး (LPN-025947)နှင့် အမွေဆက်ခံသက်ဆိုင်သူများသိစေရန်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၄ခ)၊ ပေ(၂၀×၆၀)၊ နှစ်(၆၀)ဂရန် မြေကွက်နှင့်ပတ်သက်၍ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးလှဝင်းမောင်[၁၂/မဂဒ(နိုင်) ၀၈၀၀၅၁]မှ ဂရန်အမည်ပြောင်းလိုပါသဖြင့် ဆက်သွယ်ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဦးလှဝင်းမောင်
[၁၂/မဂဒ(နိုင်)၀၈၀၀၅၁]
ဖုန်း-၀၉-၄၂၁၀၄၂၅၃၃၊
၀၉-၇၃၁၉၀၉၆၂

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ ရေနွေးငွေ့စက်ရုံများဌာနမှ ကျောက်ဖြူ ဓာတ်အားပေးစက်ရုံတွင် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ် Type-E (79'x51')တစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၉-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၁၀-၁၀-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း ၀၆၇-၄၁၀၂၈၂

# မွန်ပြည်နယ် ရေးမြို့တွင် တစ်ပိုင်တစ်နိုင် ရေဆေးခုံလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်လာကြ



**ရေး၊ စက်တင်ဘာ ၂၂**

မွန်ပြည်နယ် ရေးမြို့တွင် မော်တော်ယာဉ်များပြားလာ၍ တစ်ပိုင်တစ်နိုင် ရေဆေးခုံလုပ်ငန်းလည်း တွင်ကျယ်စွာလုပ်ကိုင် နေကြရကြောင်း သိရသည်။

ရေးမြို့နယ်တွင် လူဦးရေများပြားလာပြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နေ့စဉ်ဖြတ်သန်းသွားလာနေကြသော မော်တော်ဆိုင်ကယ်များ မော်တော်ကားများလည်း တိုးတက်များပြားလာလျက်ရှိကြောင်း သိရသည်။

မော်တော်ဆိုင်ကယ်များနှင့် ကားများရေဆေးလျက်ရှိရာတွင် ဆိုင်ကယ်များကို အကြမ်းဆေး အချောဆေးဖြင့် ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်နှုန်းဖြင့် ဆေးပေးပြီး အိမ်စီးကားများကို ၅၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်ဖြင့် ရေဆေးပေးလျက်ရှိကြသည်။

မော်တော်ယာဉ်များအား နေ့စဉ်ရေဆေးခုံ၌ ရေဆေးလုပ်ငန်းများ အများအပြားလုပ်ကိုင်လာ၍ နေရာနှင့် အချိန်အခက်ခဲများဖြင့် ကြုံတွေ့နေရကြောင်း ယင်းလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

အများအားဖြင့်မော်တော်ယာဉ်များ ရေဆေးရာတွင် အချိန်အနည်းအကျဉ်းလောက်နှင့်သာ ပြီးစေချင်ကြပြီး အဆင့်မြင့်ရေဆေးခုံလုပ်ငန်းရှိပါက ရေဆေးခုံလုပ်ငန်းကိုပိုမိုတွင်ကျယ်စွာ လုပ်ကိုင်နိုင်ပြီးအလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာကြမည်ဖြစ်သည့်အပြင် ယာဉ်ပိုင်ရှင်များကလည်း အချိန်အနည်းငယ်သာကုန်ပြီး အခြားအလုပ်များကိုလည်း ချောမွေ့စွာလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ယာဉ်ပိုင်ရှင်များက ပြောသည်။

**ထွဋ်ထွဋ်(ရေး)**

# နိုင်ငံသားစိစစ်ရေးကတ် ဝက်လက်၌ပေးအပ်

**ဝက်လက်၊ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရေထွက်ကျေးရွာနေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဝက်လက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကိုစက်တင်ဘာ ၁၈ ရက်နံနက်ပိုင်းက ကျင်းပခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ရာတွင် ရေထွက်ကျေးရွာပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၇၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်ခဲ့သည်။ ဆက်လက်၍ နေ့လယ်ပိုင်းတွင် အလားတူကတ်ပြားပေးအပ်ပွဲကို သာနားကျေးရွာတွင် ပြုလုပ်ရာ သာနားကျေးရွာနေ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးကိုလည်း တစ်ဦးချင်းစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း ဆောင်ရွက်

**ကျွန်းလှ၊ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထန်းများ၊ အာမခံဌာန၊ မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများ ပူးပေါင်းပြီး စက်တင်ဘာ ၂၀ ရက်က မြို့နယ်အတွင်းရှိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို ရွှေကျွန်းသာခန်းမတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါဆောင်ရွက်မှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့် ကော်မတီဝင်တို့က ကြည့်ရှုလမ်းညွှန်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်ကို သက်တမ်းတိုးတဲ့ကိစ္စလာမလုပ်ပေးရင် ရွှေဘိုမြို့ကို သွားလုပ်ရမှာဖြစ်ပါတယ်။ အခုလို ကျွန်းလှမြို့အထိလာရောက်ပြီး ဆောင်ရွက်ပေးတဲ့အတွက် စရိတ်ကုန်ကျမှုသက်သာပြီး အချိန်ကုန်လူပမ်းလည်း မဖြစ်တော့ဘူး။ အချိန်ပိုင်းအတွင်း သက်တမ်းတိုးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



**လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ မှုခင်းပပျောက်ရေး ဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက်တွင် အမှတ် (၁၃) အခြေခံပညာမူလတန်းကျောင်း (တာမွေ) ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းဦးဆောင်၍ ဆရာ၊ ဆရာမများက ဟောပြောခဲ့ကြသည်။**

သတင်းနှင့် ဓာတ်ပုံ - မောင်မောင်သန့်

# ကော့ကရိတ်ခရိုင် မျိုးသန့်စံပြရွာစိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

**ကော့ကရိတ်၊ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ မျိုးသန့်စံပြရွာခုနစ်ရွာအနက်မှ ရန်ကုတ်ကျေးရွာ၊ ရေပူကြီးကျေးရွာ မျိုးသန့်ဖုံစိုက်ခင်း ဆင်းသုခစပါး ၇၅ ဧကသို့ ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဒု-ပြည်နယ်ဦးစီးမှူး ဦးခွန်သန်းထွန်းခေါင်းဆောင်၍ မျိုးစေ့ဌာနခွဲ(ရုံးချုပ်) ဦးစီးအရာရှိ ဒေါ်ခင်နှင်းသန့်၊ ဒုတိယဦးစီးမှူး ဒေါ်လဲ့လဲ့တို့က မျိုးသန့်စံပြစိုက်ခင်းများတွင် မျိုးကောင်းမျိုးသန့်စပါးများ ရရှိရန် မျိုးသန့်ဖုံစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် မျိုးကွဲများနုတ်ပယ်ခြင်းလုပ်ငန်းများအား လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းလက်တွေ့ပြပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်လင်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ သီးနှံတာဝန်ခံများ၊ ရန်ကုတ်ကျေးရွာ၊ ရေပူကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စပါးမျိုးသန့်ဖုံစိုက်လယ်သမား ၃၇ ဦး တက်ရောက်ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၂၊ မြေကွက်အမှတ်-၁၀၁/က၊ မြေကွက်တည်နေရာအမှတ်(၁၀၁/က)၊ သုဒဿန(၂)လမ်း၊ (၁၆/၂)ရပ်ကွက်၊ သယ်န်းကျွန်း ဦးစံအေးအမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးစံအေး (ဖခင်)နှင့် ဒေါ်ခင်အေး(မိခင်)၊ သားတစ်ဦးဖြစ်သူ ဦးခင်မောင်စိုး(လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် (၁)ဦးခင်မောင်ဝင်း [၁၂/ဥကတ(နိုင်)၀၀၇၃၁၀]၊ (၂)ဒေါ်တင်တင်အုံး[၁၂/သဃက(နိုင်)၀၂၁၆၄၁]၊ (၃)ဦးတင်အောင်မြင့် [၁၂/ဒဂန(နိုင်)၀၃၁၀၇၆]၊ (၄)ဒေါ်သီတာအေး[၁၂/သဃက(နိုင်)၀၅၆၁၄၉]တို့က သားသမီးနှင့် မောင်နှမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၈၁၁/က၊ မြေကွက်တည်နေရာအမှတ် (၈၁၁/က)၊ မာဃ(၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်အုန်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းနှင့် ခင်ပွန်းဦးကျော် ကွယ်လွန်သဖြင့် ဒေါ်ခင်လှ [၁၂/ဥကတ(နိုင်)၁၁၃၄၈၃]က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆၅၈၁(၄-၃-၁၄)ဖြင့် လွှဲအပ်ခံရသူ ဦးဝင်းဖေ [၁၂/ပဘတ(နိုင်)၀၂၀၅၆၉]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၃၉၁၈ (၁၄-၃-၁၄) ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၆၀/ခ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၆၈)၊ ဧရိယာ(၀. ၀၂၈)ဧက စတုရန်းပေ(၁၂၅၀) (အလျား×အနံ) ပေ(၂၅×၅၀) အကျယ်အဝန်း၏ တစ်စိတ်တစ်ဒေသဖြစ်သော ခြေရင်းဘက်ခြမ်းရှိ(အလျား×အနံ) (၁၂ပေခွဲ ၅၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၆၀/ခ)၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့် ယင်းနေအိမ်အဆောက်အအုံတို့နှင့် ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင် ဦးဖိုးသာအောင်ထံမှ အဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးအောင်မြင့်(TKA-၀၉၂၄၂၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စန်းစန်းအေး[၁၂/ဒပန(နိုင်)၀၁၀၇၉၈]သည် ၅-၁၀-၂၀၁၃ ရက်က ဥပဒေနှင့်အညီ လက်ရောက်လက်ခံ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းအေး၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လျှဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စန်းစန်းအေးသိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်လှိုင် **(LL.B, D.B.L,W.I.PO.(Switzerland)**
အထက်တန်းရှေ့နေ(စဉ်-၃၂၆၂၃)
အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၇၃၀၅၃၈၆၂၊ ၀၉-၄၂၀၁၆၂၄၈၁

**ကိုသူရိန်လွင်[၆/ကစန(နိုင်)၀၉၁၈၄၀]**
**Sale & Marketing ဝန်ထမ်း သိရှိစေရန်ကြေညာချက်**

Asia Hi-Tech Construction Group Co.,Ltd ၏ ကုမ္ပဏီခွဲဖြစ်သော Pacific Asia Hi-Tech Trading Co.,Ltd ၏ SUNLOT SANITARY WARES များအတွက် ကိုသူရိန်လွင်[၆/ကစန(နိုင်)၀၉၁၈၄၀](အဖဦးတင့်ဆန်းလွင်) အမှတ်(၁၅၈)၊ ညာတိလမ်း၊ (ဃ)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်နေထိုင်သူသည် Sale & Marketing တာဝန်ထမ်းဆောင်နေစဉ် ၁-၈-၂၀၁၄ရက်မှအစပြု၍ တစ်စုံတစ်ရာအကြောင်းကြားခြင်းမရှိဘဲ လုပ်ငန်းဌာနသို့ လာရောက်ရန် အကြောင်းမဲ့ပျက်ကွက်လျက် ရှိနေခဲ့ပါသည်။

ထို့အပြင် အလုပ်ခန့်ထားခြင်းဆိုင်ရာ ဝန်ခံကတိပြုချက်အရလည်း တာဝန်ထမ်းဆောင်ရန် ကတိပြုထားသည့် အချိန်ကာလမစေ့ရောက်မီ မိမိသဘောအလျောက် အလုပ်မှထွက်ခွာခဲ့ခြင်း အတွက် သဘောတူညီထားသည့် လျော်ကြေးငွေနှင့် ကုမ္ပဏီကထုတ်ပေးထားသော တူညီဝတ်စုံ များ၏တန်ဖိုးငွေများ ပေးလျော်ရန်တာဝန်ရှိနေ၍ စာဖြင့်အကြောင်းကြားပါသော်လည်း တစ်စုံ တစ်ရာပြန်ကြားခြင်းမရှိသဖြင့် ဤကြေညာသည့်နေ့မှ (၁၀)ရက်အတွင်း လာရောက်ဖြေရှင်း ဆောင်ရွက်ရန်နှင့် ပျက်ကွက်ပါက ကုမ္ပဏီက ဥပဒေအရ တရားစွဲဆိုရလိမ့်မည်ဖြစ်ပါကြောင်း ကြေညာပါသည်။

**Pacific Asia Hi-Tech Trading Co.,Ltd** ၏လွှဲအပ်ချက်အရ-
(ရန်ကုန်)ဦးမောင်မောင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၃၄၇၃)
ရုံးအမှတ်-၁၄၂/၁၄၄၊ (၃လွှာ)ယာ၊ လမ်း(၄၀)အောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(၁၉)၊ ရွှေထီးအိမ်ရာနေ ဒေါ်နန်းသန်းသန်းမြင့်ထွေး(NBN-၀၄၃၁၈၂)ကိုင်ဆောင်သူ၏ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အမှတ်(၁၂/၆၁)၊ ကျွန်းကြီးပိုင်းဟုခေါ်တွင်သော အလျားပေ(၅၀)၊ အနံ(၁၀၅)ပေရှိ ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းသန်းသန်းမြင့်ထွေးမှ ယနေ့ချိန်အထိ တရားဝင်ပိုင်ဆိုင်လျက်ရှိပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ခြံမြေအတွင်း နေထိုင်ခိုင်းခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းထားခြင်းများ လုံးဝမရှိသည့်အပြင် ယင်းပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကိုယ်စားလှယ်လွှဲစာပေးအပ်ထားခြင်း၊ အမွေခွဲဝေပေးအပ်ထားခြင်း လုံးဝမရှိပါ။

ထို့ကြောင့် အထက်လိပ်စာပါ ခြံမြေကွက်အားကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းသန်းသန်းမြင့်ထွေး၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ ထပ်ဆင့်လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းထားခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူအပေါ် တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
**U Ohn Myint**
**Advocate-Sr-3427**
**Bld-12,R-002.Shwehtee Housing, Nandawun Station Road,**
**Thamaing, Yangon. Ph-09-250515780**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုနေ့အထိမ်းအမှတ် ဒေသအလိုက်ဆောင်ရွက်မှုများ

**ပန်းတောင်း –**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ် ထုံးဘိုနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ထွန်းကြည်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် အင်အား ၅၀ ဦးတို့သည် ထုံးဘိုကျေးရွာ မြသိန်းတန်ကျောင်းတိုက် ရွှေဘုန်းပွင့်ဘုရားဝင်း အတွင်းအပြင်နှင့် လမ်းဘေးဝဲယာများတွင် ချုံနွယ်များရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအပါအဝင် ဦးမြင့်ဆွေနှင့် စုစုပေါင်းအင်အား ၂၀၀ တို့ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၀၄၂)**

**မြန်အောင် –**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀ ဦးတို့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စက်တင်ဘာ ၁၁ ရက် ညနေ ၃ နာရီက မြန်အောင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ချုံနွယ်၊ မြက်၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို စုပေါင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။ **ဝင်းဗိုလ်(ပြန်/ဆက်)**



**ဝိုင်းမော် –**

ကချင်ပြည်နယ် ဝိုင်းမော်၏ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်တွင် ဝိုင်းမော်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ 'ရဲနှင့်ပြည်သူလက်တွဲကူ' ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးတို့က စာစီစာကုံးပြိုင်ပွဲဝင်ခဲ့ပြီး ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် ၁၆ ဦး၊ အလယ်တန်းအဆင့် ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

**ဘားအံ –**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်နှင့် ဇနီးဒေါ်ခင်စောအေးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၁၅ ဦးနှင့် မိသားစုဝင် ၅၁ ဦးတို့သည် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့ပေါ်ရှိ မူကြိုကျောင်းများသို့ သွားရောက်၍ အာဟာရကြက်သားဆန်ပြုတ်ကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဘားအံမြို့ပေါ်ရှိ မူကြိုကျောင်းများသို့ အာဟာရကြက်သားဆန်ပြုတ်လှူဒါန်းရာတွင်ဘားအံမြို့ပေါ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ စနေအသင်း၊ တနင်္ဂနွေအသင်း၊ အင်္ဂါဘေအသင်း၊ ဘီးရှော့ကုန်းနှင့် ရပ်ကွက်လေးခုတို့တွင် ဖွင့်လှစ်ထားသည့် မူကြိုကျောင်းကိုးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၇၁၀ ဦးတို့အား အာဟာရတိုက်ကျွေး လှူဒါန်းခဲ့ကြောင်း ဦးစီးအရာရှိ (ပထမ)တန်းဒုတိယရဲမှူးကြီး သန်းဌေးလွင်က ပြောသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

**ဝိုင်းမော် –**

လာမည့် အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် နှစ် ၅၀ ပြည့် ရွှေရတုမြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝိုင်းမော်မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တရဲမှူး ဒုရဲမှူးတင်ထွေး ဦးဆောင်၍တပ်ဖွဲ့ဝင် ၃၀ ဦး၊ မိသားစုဝင် ၃၅ ဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးစိုးသူထိုက် ဦးစီး၍ တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတပ်ရင်းမှူး ဒေါ်မိုးသူဇာဦးစီးသော တပ်ဖွဲ့ဝင်ရှစ်ဦး စုစုပေါင်းအင်အား ၈၃ ဦးတို့သည် ဝိုင်းမော်မြို့ပြည်သူ့ဆေးရုံဝန်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းခြင်း၊ သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းစသော ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းဌေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သင်းသင်း(ပြန်/ဆက်)**

**သံတွဲ –**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် နှစ် (၅၀) ပြည့်ရွှေရတုပြည့်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သံတွဲခရိုင်ရဲတပ်ဖွဲ့များမှ စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီက သံတွဲမြို့နယ်၊ ခရိုင်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀ ဆံ့ဆေးရုံ၌ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးကံဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်တို့ ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ ခရိုင်လုံခြုံရေးအကူတပ်ခွဲ၊ ရတပ (၃၂)၊ စစ်ကြောင်း (၂) တပ်ဖွဲ့ဝင်အင်အား (၇၅) ဦးတို့နှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဆေးရုံဝင်း အတွင်းအပြင်ရှိ မြက်ပင်များ၊ ချုံနွယ်များ၊ ကိုင်းပင်ရှည်များအား ခုတ်ထွင်ရှင်းလင်းခြင်း စုပေါင်းလုပ်အားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**သထုံ –**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများက စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက သထုံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ကျော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်သန်းနှင့် မေတ္တာရေစင်သွေးလှူရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းမျိုးတို့က သထုံခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ အရာရှိ အခြားအဆင့်နှင့် မိသားစုဝင်စုစုပေါင်း ၃၈ ဦးတို့၏ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါအဖွဲ့များမှ ခရိုင်ရဲတပ်ဖွဲ့မှူးက သွေးလှူဒါန်းသူများအား Brand ၄ှက်သိုက်အားဆေးရည်တစ်ဗူးစီနှင့် ခရိုင်ဆေးရုံကြီးမှ အချိုရည်နှင့် ကြက်ဥများကို အင်အားဖြည့်အစာအဖြစ်ပေးအပ်ခဲ့သည်။

ထိုလှူဒါန်းပွဲသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သက်ဦး(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ (၂၀၁၄) ဖွင့်လှစ်ပြသ



**မန္တလေး၊ စက်တင်ဘာ ၂၂**

ကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာမှ ထုတ်ကုန်ပစ္စည်းများနှင့် ပြည်တွင်းမှ နိုင်ငံခြားတင်ပို့သောကုန်ပစ္စည်းများ ခင်းကျင်းပြသသည့် မန္တလေး အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲကို မန္တလေးမြို့တော်ခန်းမတွင် စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

ကုန်စည်ပြပွဲတွင် ကုမ္ပဏီ ၄၂ ခုရှိပြီး ပြခန်းပေါင်း ၈၀ ကျော် ခင်းကျင်းပြသရာ ဂျာမဏီနိုင်ငံထုတ်မော်တော်ယာဉ်အလှဆင် ပစ္စည်းများ၊ထိုင်းနိုင်ငံထုတ်မော်တော်ယာဉ်တွင်းခန်းသုံးပစ္စည်းများ၊ ဂျပန်နိုင်ငံထုတ်စားသောက်ကုန်များ၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံထုတ် လျှပ်စစ်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ နိုင်ငံခြားပို့ အဝတ်အထည်များ ပြသထားသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲကို မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ကုန်စည်ပြပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖျော်ဖြေရေးအစီအစဉ်များဖြင့် အခမဲ့ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ညောဝတီလမ်း၊ အမှတ်(၉၉၂/က)၊ အကျယ်အဝန်းပေ(၂၀×၆၀)ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ဆွေမာမြင့်[၁၂/ဒတထ(နိုင်)၀၂၀၇၁၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးမိုးလွင်(**LL.B,D.B.L**) — အထက်တန်းရှေ့နေ(စဉ်-၃၀၁၇၉)

ဦးကျော်ဝင်းခိုင်(**LL.B,D.B.L**) — အထက်တန်းရှေ့နေ(စဉ်-၃၃၉၀၁)

အမှတ်(၁၀၁၈)၊ သခင်စံရွှေလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။

ဖုန်း-၄၃၁၂၁၄၄၉

### ဒေါ်ချယ်ရီသိစေရန်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ရင်ရင်(TKA-063876) ပါ(၅)ဦးနှင့် ဒေါ်ချယ်ရီတို့ ဇမ္ဗူသီရိ(၈)လမ်း၊ ပေ(၃၅ × ၆၀) မြေကွက်ပေါ်တွင်ဆောက်လုပ်သော ကန်ထရိုက်တိုက်အခန်းခွဲဝေမှုကို ၁၆-၅-၂၀၁၂ ရက်စွဲပါ သဘောတူစာချုပ်ဖြင့် သဘောတူညီခဲ့ပြီးဖြစ်ပါသည်။

အဆိုပါကိစ္စကို အကောင်အထည်ဖော်ရန်အတွက် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဒေါ်ရင်ရင်ပါ(၄)ဦးနှင့် ဆက်သွယ်ပါရန်။ သတ်မှတ်ရက်ကျော်လွန်ပါက ယခင်စာချုပ်အတိုင်းသဘောတူညီပြီးဖြစ်သည်ဟု ယူဆလျက်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်လှိုင် **B.A, H.G.P**

အထက်တန်းရှေ့နေ(၂၂၅၁၄)

၆၁၃၊ ရွှေပြည်သာလမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၇၃၀၁၁၇၉၂



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အာသာဝတီလမ်း၊ အမှတ်(၃၀၃/ခ) ဟုခေါ်တွင်သော ပေ(၂၀×၆၀)ဦးထွန်းရင်(AD-009832) အမည်ပေါက် မြေကွက်ကို တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော သား/သမီးများထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ အချို့အဝက်ပေးချေပြီးဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူတို့က ကန့်ကွက်ရန်ရှိပါက အထောက်အထားအခိုင်အလုံဖြင့် အောက်ပါဖုန်းနံပါတ်သို့ ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ဦးတင်လှိုင် **B.A, H.G.P**

အထက်တန်းရှေ့နေ(၂၂၅၁၄)

၆၁၃၊ ရွှေပြည်သာလမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၇၃၀၁၁၇၉၂

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ နေသိဒ္ဓိလမ်း၊ အမှတ်(၁၀)နေ ဦးတင်ဝင်း[၁၂/ဗဟန(နိုင်)၀၅၃၁၇၉]-ဒေါ်မြင့်စန်း[၁၂/ဗဟန(နိုင်)၀၅၂၈၈၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ၎င်းတို့၏သားဖြစ်သူ မေခင်တင့်နိုင်ဦး[၁၂/ဗဟန(နိုင်)၀၈၈၉၈၄]သည် မိဘများကို စိတ်ဆင်းရဲစေရန်ပြုလုပ်၍ မိဘ၏ဆန္ဒနှင့် ဆန့်ကျင်ကာ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် မောင်တင့်နိုင်ဦးနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူစိုး(**LL.B**)အထက်တန်းရှေ့နေ(စဉ်-၂၈၃၀၃)

တိုက်အမှတ်(၇/ခ) မင်းကြီးလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးချစ်စိန်(သူ့စမ္ပမဏိဓာတရေ)

### ရွှေကျီး+ရွှေဝတီစီးပွားရေးလုပ်ငန်းစု

### အသက်(၈၂)နှစ်

မော်လမြိုင်မြို့နေ ညီအစ်ကိုရင်းသဖွယ် ချစ်ခင်လေးစားရပါသော ကိုသားချို-မမြတ်မြတ်ဝင်း တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးချစ်စိန် အသက်(၈၂)နှစ်သည် ၁၇-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ဝ၀း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ကျော်ဦး-ဒေါ်ခင်သန်းမြင့်**
**နေလင်းဦး-အိဖြူစင်**
**ကျော်ဇင်ချစ်၊ ထွန်းမင်းလှိုင်၊**
**ကျော်ဇင်သက်၊ သော်လွင်မျိုး(ရန်ကုန်မြို့)**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသိန်းထွန်း

### (ပဲနွယ်ကုန်း)

၁၇-၉-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူတော်ကောင်းဆရာဝန် သူငယ်ချင်း ကောင်းရာသုဂတိရောက်မှာပါ။

**ချစ်ဆွေ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၁၃၈၃(က)၊ ဧရိယာ(၁၂၀၀) စတုရန်းပေ၊မြေအမျိုးအစားနှစ်(၆၀)ဂရန်မြေနှင့်ယင်းမြေပေါ်ရှိအမှတ်-၁၃၈၃(က)၊ မာန်ပြေ(၂၁)လမ်း၊ အနောက်(၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးအမ်ကျော်မြင့်(CF-၁၄၀၀၂၇)အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်အိသန္တာကျော်[၁၂/သကတ(နိုင်)၀၄၇၂၈၈]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဟိန်းသူကောင်း** — **အထက်တန်းရှေ့နေ(စဥ်-၃၆၂၆၇)**
**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ(စဥ်-၃၂၃၃၅)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**



## လူပျောက်ကြော်ငြာ

ဘိုကလေးမြို့၊ သစ်တိုချောင်းကျေးရွာနေ ဦးတင်မြင့်- ဒေါ်လှရီတို့၏သား မောင်ဇော် အသက် (၂၅)နှစ် စကားမပြောတတ်၊ ဆွံ့အနားမကြားသူသည် ၁၀-၉-၂၀၁၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း- ၀၉-၉၇၅၅၆၄၁၂၄၊**
**၀၉-၂၅၀၉၃၉၈၅၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၈၄)၊ (၇လွှာ)(ဘီ-၇)၊ ၁၆ ၁/၂ ပေ× ၅၆ ပေ အကျယ်အဝန်းရှိ တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်နုနုဝေထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးထားပါသည်။ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက်သတ္တ(၂-ပတ်)အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အပြီးအပြတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးတင်လှိုင်ထွေး B.A(Law)LL.B**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၂၁၃၆)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက(၅) ဒသမတန်း(G)မှ မောင်သန်းထွဋ်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဌေး ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈င^၁၊ မြေကွက်အမှတ်-၁၅၆၊ မြေကွက်တည်နေရာအမှတ်-၉၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ဒေါ်စိန်စိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်စိန်စိန်နှင့်ခင်ပွန်း ဦးထွန်းလှိုင်ကွယ်လွန်သဖြင့် ဦးစန်းယု[၁၂/စခန(နိုင်)၀၁၅၆၂၂]က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်မြင့်မြင့်ခင်(S/OKA-၀၂၃၄၉၈)နှင့် အများသိစေရန် ကန့်ကွက်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၃)လမ်း၊ အမှတ်(၂၂၃)တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ၊ ဒေါ်အုံးကြည်[၁၂/ဥကတ(နိုင်)၀၈၈၆၂၇]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းအများသိစေရန် ကန့်ကွက်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

(၁) ဒေါ်အုံးကြည်နှင့်ဒေါ်မြင့်မြင့်ခင်တို့သည် မိခင်ဒေါ်တင်ရွှေ(CA-၀၁၉၃၃၃)မှ မွေးဖွားသော သမီးများဖြစ်ကြပြီး အထက်ပါအိမ်၌ အတူနေထိုင်ကြသူများ ဖြစ်ပါသည်။

(၂) ဒေါ်အုံးကြည်နှင့် ဒေါ်မြင့်မြင့်ခင်တို့သည် တစ်အိမ်တည်းတွင်အတူနေထိုင်ကြသော်လည်း ဒေါ်မြင့်မြင့်ခင်သည် အစ်မဖြစ်သူ ဒေါ်အုံးကြည်အား အသိမပေးဘဲ မိခင်ဒေါ်တင်ရွှေအမည်ပေါက် မြေ၊ အိမ်တို့နှင့်ပတ်သက်၍ မရိုးမသားဆောင်ရွက်ခဲ့မှုများကြောင့် ဒေါ်အုံးကြည်က ဒေါ်မြင့်မြင့်ခင်ကိုစကားမပြောဘဲ နေထိုင်ခဲ့သည်မှာ နှစ်(၂၀)ကျော်ခဲ့ပြီး ဖြစ်ပါသည်။

(၃) ဒေါ်မြင့်မြင့်ခင်သည် အမွေဆိုင်အစ်မဖြစ်သူ ဒေါ်အုံးကြည်နှင့်အတူနေ တူ၊ တူမများကို အသိမပေးဘဲ မိခင်ဒေါ်တင်ရွှေရှိစဥ်ကတည်းက ဝယ်ယူထားခဲ့သော မြေကွက်ကို မိမိတစ်ဦးတည်းအမည်ဖြင့် မြေငှားဂရန်လျှောက်ထားရယူရန် သက်ဆိုင်ရာဌာန၌ ဆောင်ရွက်လျက်ရှိကြောင်း ဒေါ်အုံးကြည်ကိုယ်တိုင်သိရှိခဲ့ရပါသည်။

(၄) ထို့ကြောင့် အမွေဆိုင် ဒေါ်အုံးကြည်၏ သဘောတူခွင့်ပြုချက်မပါဘဲ "တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)၊ မြေကွက်အမှတ်(၂၂၃) ဒေါ်တင်ရွှေ အမည်ပေါက်မြေကွက် နှင့်ပတ်သက်၍ ဒေါ်မြင့်မြင့်ခင်တစ်ဦးတည်း၏ ဆောင်ရွက်မှုမှန်သမျှသည် တရားမဝင်ကြောင်းနှင့် ကန့်ကွက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။"

**လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးခင်မောင်ညွန့်** | **ဦးစိုင်းဟိန်းထက်အောင်** | **ဒေါ်ဖြူဖြူဝင်း** |
| **B.Sc(Chem);H.G.P;R.L.** | **LL.B.,B.Sc:Engg(Gem)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ (စဥ်-၆၅၇၂/၉၈)** | **အထက်တန်းရှေ့နေ (စဥ်-၃၁၄၉၆)** | **အထက်တန်းရှေ့နေ (စဥ်-၃၁၇၈၅)** |

**ရုံး - ၆၆၊ ဝဏ္ဏကျော်စွာလမ်းမ၊ (၁၄/၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၁၉၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၁၁၅၇)၊ မြေကွက်တည်နေရာအမှတ်(၁၁၅၇)၊ ရွှေကျွန်းတောလမ်း၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်ရင်ရင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အဆင့်ဆင့်ဝယ်ယူထားသူ ဦးသန်းဇော်[၁၄/မမက(နိုင်)၁၉၉၅၁၈]ထံမှ ပေ(၂၀×၆၀)မြေအား ကျွန်မ ဒေါ်ခိုင်ချိုမြင့်[၁၂/သကတ(နိုင်)၁၄၃၈၃၃]က ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ချိုမြင့်**
**တိုက် (B6)၊ အခန်း (001)၊**
**TOSTAအိမ်ရာ၊ ရောဝဏ်လမ်း၊**
**(၆၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၃၉၉၂၅၂**

## အနာဂတ် အရည်အသွေးမြင့်စီမံခန့်ခွဲမှု မျိုးဆက်သစ်ပေါ်ထွန်းရေး

**CENTER FOR STRATEGIC AND INTERNATIONAL STUDIES**

**CSIS**

### မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာမှ ဖွင့်လှစ်ပြီး

**Aldersgate College(Philippines)မှ ပေးအပ်မည့်**

**Master of Professional Studies in Business Administration(MBA)အတွက်**

**သင်တန်းလျှောက်လွှာခေါ်ယူခြင်း**

၁။ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာ(CSIS)နှင့် Aldersgate Collegeတို့ပူးပေါင်း၍ Master of Professional Studies in Business Administration (MBA)သင်တန်းကို ၂၁-၁၀-၂၀၁၄ ရက်တွင် စတင်ဖွင့်လှစ်မည် ဖြစ်သည်။

၂။ အဆိုပါသင်တန်းကို ပြည်တွင်း/ပြည်ပမှ စီးပွားရေးပညာရှင်များ၊ စီမံခန့်ခွဲမှုပညာရှင်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်း/ပြည်ပ တက္ကသိုလ်များမှ ဝါရင့်ပါမောက္ခများမှ ပို့ချပေးမည်ဖြစ်သည်။

၃။ သင်တန်းကျင်းပမည့် နေရာနှင့်နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| နေရာ | - CSIS |
| သင်တန်းဖွင့်မည့်ရက် | - ၂၁-၁၀-၂၀၁၄ ရက် |
| သင်တန်းကာလ | - (၁၈)လ |
| သင်တန်းချိန် | - ညနေ ၅း၀၀ နာရီမှ ည ၈း၀၀ နာရီထိ (အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊သောကြာနေ့) မွန်းတည့် ၁၂း၀၀ နာရီမှ ၆း၀၀ နာရီအထိ(စနေနေ့) |

၄။ သင်တန်းလျှောက်ထားရန် အရည်အချင်းသတ်မှတ်ချက်-
(က)တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

၅။ သင်တန်းလျှောက်လွှာများကို ၈-၁၀-၂၀၁၄ ရက်တွင် နောက်ဆုံးထားလျှောက် ထားရမည်ဖြစ်ပြီး၊ CSIS မှ ကျင်းပပြုလုပ်မည့် သင်တန်းဝင်ခွင့်စာမေးပွဲအား ဖြေဆိုရမည်ဖြစ်သည်။

၆။ CSIS မှ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်

(က) ရွေးချယ်ခြင်းခံရသူများအား CSIS မှကြော်ငြာသင်ပုန်းတွင် ၁၀-၁၀-၂၀၁၄ ရက်(သောကြာနေ့) တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး၊ ဝင်ခွင့်စာမေးပွဲကို ၁၄-၁၀-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီထိ CSIS သင်တန်းကျောင်းတွင် ဖြေဆိုရမည်ဖြစ်သည်။

(ခ) ဝင်ခွင့်စာမေးပွဲအောင်မြင်သူများစာရင်းကို ၁၇-၁၀-၂၀၁၄ ရက်(သောကြာနေ့) တွင်ထုတ်ပြန်ကြေညာမည်ဖြစ်သည်။


၇။ လူဦးရေကန့်သတ်ထားပါသဖြင့် သင်တန်းလျှောက်လွှာများကို ယနေ့မှစတင်ပြီး အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

**CSIS Office - အမှတ်(၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၁၂၂၂၅၇၆၊ ၀၉-၄၉၂၄၂၅၆၉(ရုံးချိန်အတွင်းသာ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွှကုန်းလမ်း၊ တိုက်အမှတ်(၇၄)၊ ၇-လွှာ(ခြေရင်းခန်း)တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်ကို ဦးနေမျိုးလွင်[၁၂/အစန(နိုင်)၁၉၁၉၁၅]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံ၍ ၎င်းမှရောင်းချရာ ကျွန်ုပ်ကိုဝင်းကျော်သူ[၁၃/ကမန(နိုင်)၀၆၉၅၅၉]အနေဖြင့် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုဝင်းကျော်သူ- ဖုန်း-၀၉-၄၉၂၃၅၁၁၈၊ ၀၉-၇၃၂၂၂၈၁၉**



## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၆၀/က)၊ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၆၈)၊ ဧရိယာ(၀. ၀၂၈)ဧက၊ စတုရန်းပေ(၁၂၅၀)ပေ (အလျား×အနံ) ပေ(၂၅ × ၅၀) အကျယ်အဝန်း၏တစ်စိတ်တစ်ဒေသဖြစ်သော ခေါင်းရင်းဘက်ခြမ်းရှိ(အလျား×အနံ) (၁၂ ပေခွဲ× ပေ ၅၀)အကျယ်အဝန်းရှိ၊ နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၆၀/က)၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့် ယင်းနေအိမ်အဆောက်အအုံတို့နှင့်ပတ်သက် ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင် ဦးဖိုးသာအောင်ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်ဖွားရင်[၁၂/ဒပန(နိုင်)၀၁၆၁၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ၁။ဦးငွေထွန်း[၁၂/ဗတထ(နိုင်)၀၀၅၇၀၇]၊ ၂။ ဒေါ်ခင်စု[၁၂/ဗတထ(နိုင်)၀၃၀၉၁၆]တို့သည် ၂-၁၂-၂၀၀၁ ရက်က ဥပဒေနှင့်အညီ လက်ရောက်လက်ခံဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့အား ကျွန်ုပ်မိတ်ဆွေဖြစ်သူတို့၏ တရားဝင်ခွင့်ပြု ချက်မရရှိဘဲ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုးကာခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်းတို့ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ၁။ဦးငွေထွန်း၊ ၂။ဒေါ်ခင်စုတို့သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးကျော်ကျော်လှိုင်**
**(LL.B,D.B.L,W.I.P.O(Switzerland) အထက်တန်းရှေ့နေ(စဥ်-၃၂၆၂၃)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၇၃၀၅၃၈၆၂၊ ၀၉-၄၂၀၁၆၂၄၈၁**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆော်ဒီအာရေဗျနိုင်ငံသို့ သဝဏ်လွှာပေးပို့

**နေပြည်တော်　　စက်တင်ဘာ　　၂၃**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဆဲလ်မန် ဘင် အဗ္ဗဒူ(လ်) အဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆော်ဒီအာရေဗျနိုင်ငံသို့ သဝဏ်လွှာပေးပို့

**နေပြည်တော်　　စက်တင်ဘာ　　၂၃**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဆဲလ်မန် ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**


**ယနေ့ မာတိကာ**

**မိုးကိုမျှော်သည်**
စာတည်းရှုထောင့် စာမျက်နှာ - ၂

**ရခိုင်ပြည်နယ်သည် စီးပွားရေး ရင်းနှီးမြှုပ်နှံရန် အလွန်သင့်လျော်**
ဆောင်းပါး စာမျက်နှာ - ၆

**အာရှအိုလံပစ်ကောင်စီ ဂုဏ်ထူးဆောင် ဆုတံဆိပ် မြန်မာနိုင်ငံမှရရှိ**
သတင်း စာမျက်နှာ - ၁၂

**မန္တလေးမြို့တွင် ဖုန်းနှင့်လျှပ်စစ်ပစ္စည်း ဝယ်လိုအားများ**
သတင်း စာမျက်နှာ - ၁၆


# စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံသည့်လုပ်ငန်းအောင်မြင်မှုများ ပေးစွမ်းနိုင်ရန် စာကြည့်တိုက်သည် မရှိမဖြစ်လိုအပ်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဒုတိယအဆင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဒုတိယအဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက် ပရဝဏ်မျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက အမျိုးသားစာကြည့်တိုက် Reception ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အမျိုးသားစာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသည့် စာစုများ၊ ကလေးစာကြည့်တိုက်၊ အီလက်ထရွန်နစ်စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ ပေ၊ စာနယ်ဇင်းနှင့် စာအုပ်စင်များ၊ စာပြဋ္ဌာနစိတ်၊ စာအုပ်စင်ခန်းများနှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒**

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ရွှေနှစ်ခု ဆွတ်ခူး



**အင်ချွမ် စက်တင်ဘာ ၂၂**

တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့၌ ကျင်းပလျက်ရှိသည့် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ နှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာအမျိုးသားအသင်း **(ဝဲပုံ)**နှင့် အမျိုးသမီးအသင်း**(ယာပုံ)** တို့က နိုင်ပွဲများရယူပြီး ရွှေတံဆိပ်များ ရယူနိုင်ခဲ့သည်။ အဆိုပါရွှေတံဆိပ်ဆုများမှာ လက်ရှိကျင်းပနေသော အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပထမဆုံးရရှိခဲ့သည့် ရွှေတံဆိပ်များလည်းဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍**






# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# ကြော်ငြာစာအမှတ်(၁/၂၀၁၄)
# လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး(လစာနှုန်း) | ခန့်ထားမည့်ဦးရေ | လိုအပ်သောအနိမ့်ဆုံး ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပဋ္ဌမအင်ဂျင်နီယာ-ထုတ်လုပ်ရေး) ၉၉၀၀၀ိ-၁၀၀ိ-၁၀၄၀၀၀ိ ကျွမ်းကျင်အဆင့်(၄) | ၁၀ | BE(Petroleum) အင်ဂျင်နီယာဘွဲ့(ရေနံ) |
| (ခ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပဋ္ဌမအင်ဂျင်နီယာ-ထုတ်လုပ်ရေး) ၉၉၀၀၀ိ-၁၀၀ိ-၁၀၄၀၀၀ိ ကျွမ်းကျင်အဆင့်(၄) | ၁ | BE(EP) အင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား) |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပဋ္ဌမအင်ဂျင်နီယာ-ထုတ်လုပ်ရေး) ၉၉၀၀၀ိ-၁၀၀ိ-၁၀၄၀၀၀ိ ကျွမ်းကျင်အဆင့်(၄) | ၁ | BE (EC) အင်ဂျင်နီယာဘွဲ့(အီလက်ထရွန်နစ်) |
| (ဃ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပဋ္ဌမအင်ဂျင်နီယာ-သယ်ပို့/စက်ပြင်) ၉၉၀၀၀ိ-၁၀၀ိ-၁၀၄၀၀၀ိ ကျွမ်းကျင်အဆင့်(၄) | ၃ | BE(Mechnical/Mechatronic) အင်ဂျင်နီယာဘွဲ့(စက်မှု/စက်မှုအီလက်ထရွန်နစ်) |
| (င) | ဘူမိဗေဒလက်ထောက်(၂) ပဋ္ဌမဘူမိရူပဗေဒအရာရှိ ၉၉၀၀၀ိ-၁၀၀ိ-၁၀၄၀၀၀ိ ကျွမ်းကျင်အဆင့်(၄) | ၃ | B.Sc(Geo)Q, သိပ္ပံဘွဲ့(ဘူမိဗေဒအထူးအောင်) B.Sc(Phy)Q,သိပ္ပံဘွဲ့(ရူပဗေဒအထူးအောင်) B.Sc(Hons:)(Geo), သိပ္ပံဘွဲ့(ဘူမိဗေဒဂုဏ်ထူးတန်း)B.Sc(Hons:)(Phy),သိပ္ပံဘွဲ့(ရူပဗေဒဂုဏ်ထူးတန်း) B.Sc(Geo)+DAG(Petro) သိပ္ပံဘွဲ့(ဘူမိဗေဒ)+ အသုံးချဘူမိဗေဒဒီပလိုမာ (ရေနံ) |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် ၃၁-၁၀-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ လုပ်ငန်းသဘာဝအရ ရေနံမြေအခြေစိုက်စခန်းများ၊ အစမ်းတွင်းများ၊ သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းများ၊ ဘူမိရူပဗေဒတိုင်းတာရေးစခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသဖြင့် အမျိုးသားများသာ လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) ၃၁-၁၀-၂၀၁၄ရက်တွင် အသက်(၂၇)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဂ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားသူသည် ၂နာရီမေးခွန်းလွှာ ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၄)ခုကို ဖြေဆိုရမည်။

(က) မြန်မာစာ

(ခ) အထွေထွေဗဟုသုတ

(ဂ) အင်္ဂလိပ်စာ

(ဃ) သက်ဆိုင်ရာ ဘာသာရပ်

၄။ စာမေးပွဲအစီအစဉ်ကို သတင်းစာများ၌ ထပ်မံကြေညာမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ပြုမည်။

၅။ စာမေးပွဲဝင်ကြေးငွေ ၅၀၀ိ/-(ကျပ်ငါးရာတိတိ)ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဘဏ်စာရင်းအမှတ်(OA 010745)သို့လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)ရန်ကုန်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဘဏ်စာရင်းအမှတ်(OA 010180)သို့ လည်းကောင်းပေးသွင်းရပါမည်။

၆။ လျှောက်လွှာတွင် လိပ်စာအပြည့်အစုံ(စာတိုက်အမည်ပါ)ဖော်ပြပါလျှောက်လွှာနှင့်အတူ

(က) ဝင်ကြေးငွေပေးသွင်းသည့်ငွေကြေးပြေစာလက်ခံမူရင်း(သို့မဟုတ်)ချလံမူရင်း၊

(ခ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်

(ဂ) အမှတ်စာရင်းမိတ္တူမှန်

(ဃ) အသက်အတွက်တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်) အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန်

(င) လူမှုရေးဆောင်ရွက်ချက် အကျဉ်းချုပ်နှင့်(၆)လအတွင်းရိုက်ထားသော ကာလာလိုင်စင်ဓာတ်ပုံ(၁)ပုံ၊

(စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိတစ်ဦးထံမှ ၁-၁၀-၂၀၁၄ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်တို့ ပူးတွဲပါရှိရမည်။

၇။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့်ပြည့်စုံကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်။

၈။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို အထွေထွေမန်နေဂျာ(သာကေတကမ်းလွန်အခြေစိုက်စခန်း) ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(အထွေထွေစီမံခန့်ခွဲရေး) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တို့တွင် စာမေးပွဲဝင်ကြေးငွေ ပေးသွင်းပြီးဖြစ်ကြောင်း ဘဏ်ငွေလွှဲလက်မှတ်(သို့မဟုတ်) ချလံကို ပြသ၍ တစ်စောင်လျှင် ၁၀၀ိ/နှုန်းဖြင့် ဝန်ထမ်းများ (၂)စောင်နှင့် ဝန်ထမ်းမဟုတ်သူများ (၁)စောင်ဝယ်ယူဖြည့်သွင်း လျှောက်ထားရပါမည်။

၉။ (က) ဝန်ထမ်းများသည် လျှောက်လွှာ(၁)စောင်ကို မိမိတို့ဝယ်ယူသည့် ဌာနတွင် ၂၀၁၄ခုနှစ် အောက်တိုဘာလ ၃၁ ရက် အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။ ကျန်လျှောက်လွှာ (၁)စောင်ကို မိမိတို့ တာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာ အကြီးအကဲမှ တစ်ဆင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။

(ခ) ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့် ဌာနများတွင် ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၃၁ရက်နေ့အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၁၀။ လျှောက်လွှာနှင့် စပ်လျဉ်း၍သတ်မှတ်ထားသော စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး(၁၀)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်လည်းကောင်း၊ မိမိစရိတ်ဖြင့် လာရောက်ကြရမည်။ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါ ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏ မူရင်းများကိုတင်ပြကြရမည်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
# ရန်ကုန်ပြည်သူ့ဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) 1000KVA Transformer (၃)လုံးနှင့် ဆက်စပ်ပစ္စည်းများ

(ခ) အဆိုပါ Transformer များထားရှိမည့် အဆောက်အအုံ(၁)လုံး တည်ဆောက်ခြင်း

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၁၇-၉-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)

အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၃-၁၀-၂၀၁၄ ရက်(သောကြာနေ့)၊ ၁၆း၀၀ နာရီ

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်(၂)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Toyota Landcruiser (၁)စီး

(ခ) Toyota Vigo (၁)စီး

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၂၉-၉-၂၀၁၄ရက်မှ စတင်ရောင်းချမည် ဖြစ်ပါသည်။ ၁၈-၁၀-၂၀၁၄ရက် ၉း၀၀နာရီတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တင်ဒါဖွင့်ပွဲဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်အစိုးရအဖွဲ့**
**ဖုန်း-၀၅၈-၂၁၂၃၃**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
# မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မော်လမြိုင်-ချောင်းဆုံ ၆၆ ကေဗွီ ဓာတ်အားလိုင်း၏ သံလွင်မြစ်ကျော်ဓာတ်အားလိုင်းအတွက် လိုအပ်သော ဓာတ်အားလိုင်း ကြိုးဆွဲပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။


တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၉-၂၀၁၄ရက်

တင်ဒါပိတ်မည့်ရက် - ၂၁-၁၀-၂၀၁၄ရက်

တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း ၀၆၇-၄၁၀၂၈၂**




# ပြန်ကြားရေးဝန်ကြီးဌာန
# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
# လုပ်ငန်းသုံးသတင်းစာစက္ကူနှင့် ကုန်ကြမ်းပစ္စည်းများဝယ်ယူရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးသတင်းစာစက္ကူနှင့် ကုန်ကြမ်းပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Newsprint Paper 48.8 Gsm (or) 45 Gsm(30") | - 4500 Tons |
| (ခ) | Thermal Plate (889 × 609 × 0.3)mm | - 31400 Shts |
| (ဂ) | Thermal Plate (889 × 577 × 0.3)mm | - 21200 Shts |
| (ဃ) | Thermal Plate Developer | - 11400 Liters |
| (င) | Wipe On Aluminium Plate(650×550×0.24)mm | - 1150 Shts |
| (စ) | Ortho Film (22"×32")(50 Sheet/Box) | - 295 Boxs |
| (ဆ) | Film Developer (10 Lit/Bot) | - 50 Boxs |
| (ဇ) | Film Fixer (5Lit/Bot) | - 60 Boxs |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၉-၂၀၁၄ရက်မှ ၇-၁၀-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၁၀-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ | ရုံးအမှတ်(၇)၊နေပြည်တော်၊ |
| | ဖုန်း-၀၆၇-၄၁၂၃၂၇ |

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
# ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Phyu)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**Tender No.21/DHPI/Spare/2014-2015**

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| 1. | Spare Parts for Generator | Lot | 1 |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal) တို့အား သီးခြားစီချိတ်ပိတ်၍ ၁၀-၁၀-၂၀၁၄ရက် ၁၂း၀၀ နာရီတွင်နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ(Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score)အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊**
**၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၀၃၅၃၁**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)တွင်စာသင်ဆောင်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါပုံစံများကို ၂၉-၉-၂၀၁၄ရက်မှ ၁၄-၁၀-၂၀၁၄ရက်ထိ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၅-၁၀-၂၀၁၄ ရက် ညနေ ၄နာရီဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၅၉-၂၂၁၈၃ နှင့် ၀၅၉-၂၃၉၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**




စာအုပ် စာပေ လူမိုက်ဆွေ

## ရန်ကုန်စီးပွားရေးတက္ကသိုလ်(ဘောဂဗေဒ) ၁၉၈၄ ခုနှစ် သူငယ်ချင်းများ ပဉ္စမအကြိမ်တွေ့ဆုံပွဲ

သူငယ်ချင်းတို့ရေ . . . . ငါတို့တွေဆုံလာကြတာ ဒီနှစ်ဆိုရင် (၅)ကြိမ်ရှိတော့မယ်။ [illegible] (၇-၉-၂၀၁၄) နေ့မှာ [illegible] (၁၀)ယောက်လောက် [illegible] ဆုံရအောင် . . . .

တွေ့ဆုံမည့်နေ့ရက် : : (၁-၁၁-၂၀၁၄) စနေနေ့
တွေ့ဆုံမည့်အချိန် : : နေ့လည် (၁၂:၀၀)နာရီ မှ (၃:၀၀)နာရီထိ
တွေ့ဆုံမည့်နေရာ : : [illegible]

[illegible] (၀၉-၅၅၀၇၀၉၀) [illegible]
[illegible] (၀၉-၅၁၉၉၅၁၅) [illegible] (၀၉-၅၀၀၅၆၅၅)
ဦးသာခင် (၀၉-၅၃၀၅၉၉၉၀) [illegible] (၀၉-၅၀၂၅၅၄၀)
[illegible] (၀၉-၅၄၀၀၀၂၅) [illegible] (၀၉-၅၀၄၉၈၈၆)
[illegible] (၀၉-၅၃၀၉၄၂၄၈) [illegible] (၀၉-၅၀၅၅၀၉၀)
[illegible] (၀၉-၅၀၄၀၈၂၃)

၂-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) [illegible]

## သီပေါမြို့၊ မြတ်ဆရာပူဇော်ပွဲနှိုးဆော်လွှာ

သီပေါမြို့ပေါ်ရှိ အထက၊ အလက၊ အမကကျောင်းပေါင်းစုံမှ အသက်(၆၀)နှစ်နှင့် အထက်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်းနှင့် လှူဒါန်းအမှုဝေခြင်း အခမ်းအနားကို ၂၅-၁၀-၂၀၁၄ရက် (စနေနေ့)တွင် သီပေါမြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တပည့်ဟောင်း၊ ကျောင်းသားဟောင်းများမှ အောက်ပါဖုန်းနံပါတ်များနှင့် မြန်မာ့ရှေ့ဆောင်ဘဏ်(သီပေါ) သို့ ဆက်သွယ်လှူဒါန်းပေးကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ရန် ဖုန်းနံပါတ်များ

| | | |
|---|---|---|
| ၁။ ဦးဆန်နီ | - | ၀၉ ၅၂၇၈၁၉၁ |
| ၂။ ဦးမြင့်သူ | - | ၀၉ ၅၂၇၈၁၉၂ |
| ၃။ ဦးတင်မောင်ဝင်း | - | ၀၉ ၃၃၆၇၆၉၁၈ |
| ၄။ ဦးစိုင်းဇော်ဝင်း | - | ၀၉ ၂၅၆၀၅၅၆၇၇ |
| ၅။ ဒေါ်ခင်မာလာစိုး(ရန်ကုန်) | - | ၀၉ ၅၀၇၀၄၄၂ |
| ၆။ ဒေါ်နန်းမေသူ(ရန်ကုန်) | - | ၀၉ ၅၂၆၀၃၂၄ |
| ၇။ ဦးအောင်ဝင်းခိုင်(မန္တလေး) | - | ၀၉ ၄၄၄၀၀၀၉၂၆ |
| ၈။ စိုင်းမြင့်ကြည်(မန္တလေး) | - | ၀၉ ၂၀၀၁၅၀၄ |
| ၉။ မငယ်ထွေး(မူဆယ်) | - | ၀၉ ၂၃၀၀၀၈၉ |
| ၁၀။ ဒေါ်ခက်ခက်ခိုင်ညီ | - | ၀၉ ၂၀၅၈၈၀၉ |

**သီပေါမြို့၊ မြန်မာ့ရှေ့ဆောင်ဘဏ်ငွေစာရင်းအမှတ်(၀၂၀၁၃၀၂၀၀၀၀၂၈၁၁၅)**

## သီဟ(၇၆)ဗိုလ်သင်တန်းဆင်းသူငယ်ချင်းများသို့

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၆) သင်တန်းဆင်းသူငယ်ချင်းများ၏ (၂၆)နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံစုပေါင်းအလှူဒါနပြုလုပ်ခြင်းကို ယခင်နှစ်အတိုင်း ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေမဟာနာယကကျောင်းတော်ကြီးတွင် ၂၈-၉-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီး(၉)ပါးအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုများ မပျက်မကွက် ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| ဗိုလ်မှူးစိုးနိုင်(ငြိမ်း) | (နေပြည်တော်) | ၀၉-၅၁၀၆၂၇၅ |
| ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း) | (နေပြည်တော်) | ၀၉-၄၂၀၇၀၂၀၂၀ |
| ဗိုလ်မှူးမျိုးဝင်း(ငြိမ်း) | (ရန်ကုန်) | ၀၉-၅၀၂၄၁၄၈ |
| ဗိုလ်ကြီးအေးမြင့်(ငြိမ်း) | (ရန်ကုန်) | ၀၉-၄၃၀၃၁၇၅၅ |
| ဗိုလ်ကြီးမြင့်စိုး(ငြိမ်း) | (မန္တလေး) | ၀၉-၉၁၀၁၃၃၀၅ |

## တေဇ(၁၃)ညီအစ်ကိုများ

အလုပ်သင်ဗိုလ်-ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)၏ (၂၈)နှစ်မြောက်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုဝင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(က) ၂၇-၉-၂၀၁၄(စနေနေ့) ညနေ ၆ နာရီ
Sky Star Hotel တော်ဝင်ခန်းမ
အမှတ်-၅၁/ခ/၁၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်

(ခ) ၂၈-၉-၂၀၁၄(တနင်္ဂနွေနေ့) နံနက်၈း၃၀နာရီ
နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ရန်ကုန်(ဖိတ်စာသီးခြားမပို့ပါ)


**အခမ်းအနားဖြစ်မြောက်ရေးကော်မတီ**

**ဖုန်း-၀၉-၈၃၀၀၅၀၄၊ ၀၉-၄၉၃၄၃၂၇၁၊ ၀၉-၅၀၀၈၃၁၊ ၀၉-၅၁၂၃၆၃၃**

## O.T.S (54)၏ (၃၆)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၄)၏ (၃၆)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် နိုင်ငံတော်အတွက် ကျရာတာဝန်များကို ထမ်းဆောင်ရင်း ကျဆုံး၊ ကွယ်လွန်သွားသည့်သူငယ်ချင်းများအတွက် ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် တစ်နေ့စာအာဟာရလှူဒါန်းခြင်းနှင့် မိသားစုဝင်များ မိတ်ဆုံစားပွဲအခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူရတပ်ခွဲမှ ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်(အင်္ဂါနေ့) |
| အချိန် | - | နံနက် ၁၀နာရီမှ ၁၂နာရီထိ |
| နေရာ | - | နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဗဟန်းမြို့နယ် |
| ညစာစားပွဲအစီအစဉ် | - | ၂၇-၁၀-၂၀၁၄ရက် (စနေနေ့) ၁၈း၀၀နာရီမှ ၂၁း၃၀နာရီထိ ကုန်းမြင့်သာစားတော်ဆက်၊ ပြည်လမ်း၊ ရှစ်မိုင်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းဆင်းသူငယ်ချင်းများ၊ မိသားစုများနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ |




[illegible]




## [illegible]

၁၂-၉-၂၀၁၄ ရက်နေ့ နေ့လည် (၁၁)နာရီတွင် [illegible] ရန်ကုန်မြို့၊ မြန်မာ [illegible] (၁၇၉) [illegible] (၂)ကို Honma Inn (5) မြှင့် Srixon [illegible] (၂) ကို [illegible]




## မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း

09 255781353
09 250644566
09 254046497

## ဆက်သွယ်ပေးပါ

မြေကွက်အမှတ်(၁၁၃၃)၊ မြေတိုင်းရပ်ကွက်(၁၅၄)၊ ဒဂုံမြို့သစ်(တောင်ပိုင်း) နှင့် မြေကွက်အမှတ်(၁၀၂၀)၊ မြေတိုင်းရပ်ကွက်(၁၃၈)၊ ဒဂုံမြို့သစ်(အရှေ့မြောက်)တို့၏ ပါမစ်မူရင်းများ လက်ဝယ်ရှိသူ ဆက်သွယ်ပေးပါရန်။

**(ကျေးဇူးဆပ်ပါမည်) မြေပိုင်ရှင်**

**ဖုန်း-၀၉-၄၅၀၀၁၀၁၄၇၊ ၀၉-၇၃၁၃၅၉၈၆၊ ၀၁-၂၉၅၁၀၇**

## "ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

ဂုဏ်ယူသာဘုရားဖူးအဖွဲ့များ

Moe & More Co.,Ltd.

ဖုန်း- ၀၉၅၁၁၇၅၂၅ ၊ ၀၉-၅၁၉၈၀၉၃၁

ရုံးချုပ်-ဘဒ္ဒန္တဝိစိတ္တ ၊ ဗြဟ္မဝိဟာရကျောင်း ၊ ဝေဠုဝန်ကျောင်းတိုက် ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်။ ဖုန်း - ၀၉၅၃၂၀၅၁၇၂



### မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သမီးလေး ခချစ်(ခ)နှင်းအဥ္ဇလီ၏ ၂၈-၈-၂၀၁၄ ရက် (၁၂)နှစ်ပြည့်နှင့် ချစ်သားငယ်လေး ခေးခေး(ခ)သတိုးသီဟအောင်၏ ၂၃-၉-၂၀၁၄ ရက် (၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)ကျော်တိုင်အောင် မိသားစုနှင့်အတူ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်သော သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများဖြစ်ပါစေ။

**ချစ်ဘွားဘွား** - ဒေါ်တင်မြ၊ ဒေါ်စမ်းမြင့်
**ချစ်ဖေဖေ** - ဦးဟန်ဦး ချစ်မေမေ- ဒေါ်တိုးတိုးသွင်
**ချစ်ကြီးကြီး** - ဦးမင်းလွင်-ဒေါ်နွယ်နီထိုက်၊ ဦးတင်အေး-ဒေါ်ဖြိုးဖြိုးသွင်
**ချစ်တီတီလေး** - ဒေါ်သစ်သစ်သွင်
**ချစ်ဦးငယ်လေး** - ဦးရန်နောင်သွင်(ခ)စည်သူမောင်-ဒေါ်ခင်မျိုးခက်ခက်



### မွေးနေ့မင်္ဂလာဆုတောင်းလွှာ
### ချစ်သမီးလေးမြတ်ပီတိချို(ခ)Alexa
**MIS Year 5 (B)**

၂၃-၉-၂၀၁၄ ရက်တွင် ကျရောက်သော (၁၀)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ အောင်မြင်၊ ကြွယ်ဝ၊ ပြည့်စုံချမ်းသာ၊ ကျန်းမာပျော်ရွှင်စွာဖြင့် ထူးချွန်ထက်မြက်သော သမီးလေးဖြစ်ပါစေ။

**ချစ်သော ကြီးကြီးနိုင်**
**ကိုကိုကြီး၊ ကိုကိုငယ်**



## Travel Zone (ခရီးရုံ)
Travels & Tours Co., Ltd.



ကားရောင်းမည်

Toyota Hilux Vigo G Black 2012/2013 model Smart Cab (ရှင်-ကွဲ) Diesel 3000cc, Original TV, Back Camera (265 သိန်း)

Ph 09 43066088, 458028999



## အားမာန်
B.Ed ဝင်ခွင့် ထပ်ထန်း၊
14.9.2014 ရှင်ပြီ
Exam Guide ရမည်



## RA Royal Ayeyarwaddy Co., Ltd.
www.royal-ayeyarwaddy.com

MP3 / MP4 Player

Micro SD Card

micro SD 2/4/8/16/32/64GB



## CROWN EDUCATION
Yangon Myanmar

Business IT, MBA ... Stamford International University ၏ A life Changing Experience ...

Sep 27 @ CROWN Education Office 10:00 am - 12:00 noon

Multinational Companies

STUDY TOUR



Call us: 01 527 838, 09 730 40 888, 09 732 732 77



# MANDALAY INT'L EXPO (မန္တလေးမြို့)
# ENTERPRISE INDIA SHOW (မန္တလေးမြို့)
# ကားပြပွဲကြီး၊ မိုင်ငဲဒါကျူ(င)း (ရန်ကုန်မြို့)
# TRADE FAIR & CAR SHOW (ပုသိမ်မြို့)

SMART BUSINESS GROUP Ph:01-656875,667473,09-73014777,09-5099079

# အာရှဧကရီ ခရီးသွားလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေး
Asian Empress Travels & Tours

ဘုရားဖူးခရီးစဉ်များ ...

ဆက်သွယ်ရန်
အမှတ်(၃၄) ရန်ကုန်မြို့
Phone: 01-501712 / 0973211394 / 09300382448 / 09300382449
www.asianempresstravels.com Email- asianempresstravels@gmail.com



## "ဝိုးဇ (ဧဒင်း)" ရုံရှေ့မှ ခရုက်ရင်ခေါင်း

| | | | |
|---|---|---|---|
| ၁။ ... | (40x60) | 2BN | 15000L |
| ၂။ ... | (40x80) | ခြံ | 10000L |
| ၃။ ... | (50x70) | 2RC | 9500L |
| ၄။ (၉)မိုင် ... | (45x84) | ခြံ | 7500L |
| ၅။ ... | (40x80) | 2RC | 7500L |
| ၆။ ... VIP(I) | (40x70) | ခြံ/အုတ်တိုက် | 7000L |
| ၇။ ... | (50x60) | ခြံ | 6500L |
| ၈။ ... | (60x80) | 2RC,သစ် | 6300L |
| ၉။ ... | (80x80) | ခြံ/အုတ်တိုက် | 5800L |
| ၁၀။ ... | (40x60) | 1RC | 5500L |
| ၁၁။ ... | (20x60) | 2BN | 5300L |
| ၁၂။ ... | (45x70) | ခြံ | 5000L |
| ၁၃။ ... | (40x60) | 1RC | 4850L |
| ၁၄။ ... | (90x90) | ခြံ/ပါမစ် | 4500L |
| ၁၅။ ... | (60x60) | ခြံ/အုတ်တိုက် | 4300L |
| ၁၆။ ... | (40x60) | ခြံ | 3800L |
| ၁၇။ ... | (45x55) | 2BN | 3000L |
| ၁၈။ ... | (100x100) | ခြံ | 2850L |
| ၁၉။ ... | (40x60) | ခြံ | 2700L |
| ၂၀။ ... | (34x100) | ခြံ | 2600L |
| ၂၁။ ... | (20x60) | ခြံ | 1500L |
| ၂၂။ ... | (40x60) | ခြံ | 1250L |

☎ - 510 600, 510 950, 510 940, 511726, 500 643
- 09 518 5534, 09 5040 160, 09 517 3690



အခန်းငှားရန်ရှိသည်

အခန်းငှားရန်ရှိ ...


## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းခန့်ကျော်(၁၂/စခန(နိုင်)၀၇၂၆၈၇)၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၂၅၀၁၃၅၅၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ မြေကွက်အမှတ်-၅၄၈၊ မြေကွက်တည်နေရာအမှတ်-၅၄၈၊ ၂-ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဒေါ်ညို)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ညို (SN-၀၉၁၃၃၈)ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၈၅၂၀/၂၀-၃-၁၄)ဖြင့်ရရှိသူ ဒေါ်ဥမ္မာအေး(၁၂/မရက(နိုင်)၁၃၄၉၇၈)မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြမြေစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်၊ သိရီမင်္ဂလာလမ်းနေ ထားဝယ် အထက(၁) ၁၀သမတန်း(H)မှ မအိဇင်ဇင်သက်၏ဖခင် ဦးရဲထွန်း[၆/ထဝန(နိုင်)၀၀၄၅၁၅]နှင့် ဦးရဲဝင်းတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။


ကိုရီးယား EPS-TOPIK ဖြေဆိုမည့်သူများအတွက် (2008) ကတည်းက မှန်ကန်ချက် 100%ဖြင့် သင်ကြား ပေးလျက်ရှိ သောဆရာမ
Daw Yin Oo Khaing (John Nga)
B.A (Korean) Y.U.F.L.
ပါမောက္ခဒေါ်ယဉ်ဦးခိုင်(ဂျွန်ငါ)
Passport နှင့် ဓာတ်ပုံ ... တနင်္ဂနွေ ...
29-9-2014 (တနင်္လာနေ့) တွင် သင်တန်းစမည်။
EDUMAP Language Centre 09-5151866



ယမင်းသူ
709255,0951 36421



အထပ်မြင့်ကရိန်း ...
CRANE
518474,095094914



# Myanmar THAMES International
ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်များအတွက် ...
Auto CAD (2D, 3D) Enrol Now
2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740, 0973147379



## (၈၄)နှစ်ပြည့် မွေးနေ့ဆုမွန်တောင်း

(ကျေးဇူးတင်ပါသည်) ...



# Konica ရွှေရောင် Wedding Dress Photo Studio



ဘွဲ့ဓါတ်ပုံ၊ ဘွဲ့ဝတ်စုံ
မိတ်ကပ်ဆံပင် အတွက်
ကြိုတင် စာရင်းပေးသွင်းနိုင်ပြီ။
• အမှတ် (၅၀)၊ ... လမ်း၊ ... ရန်ကုန်မြို့။ ဖုန်း- ...
• အမှတ် (၃၆)၊ ... ရန်ကုန်အင်းစိန်လမ်း၊ ... ဖုန်း- ...


## တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကျွဲမင်းကုန်းရွာနေ ထားဝယ် အထက(၁) ၁၀သမတန်း(K)မှ မစပယ်ဖြူ၏ဖခင် ဦးသက်ဦး[၁၀/ဓတန(နိုင်)၀၇၄၁၃၂]နှင့် ဦးထက်ဖိုးတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ မြို့ဟောင်းဆင်ပုနစ်ရွာနေ ထားဝယ် အထက(၁) ၁၀သမတန်း(E)မှ မလှလှထွေး၏ဖခင် ဦးအံဆွေ[၆/လလန(နိုင်)၀၂၂၀၆၀]နှင့် ဦးဟံဆွေတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ စစ်ပြ ရွာနေ မအိအိဖြူ၏ဖခင် ဦးကျော်ဝင်း[၆/လလန(နိုင်)၀၅၈၈၃၃]နှင့် ဦးဝင်းတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။


# Home Distribution Group



100% ...
Ready Made Floor ...
Tel: - 09 730 84840, 09 73084841 - 09 730 84844, 09 492 05733



# Lotus School of Hospitality

၁။ (Front Office Operation)
၂။ (Housekeeping Operation)
၃။ (Food & Beverage Service)
၄။ (Bartending)
၅။ (International Culinary Arts)
၆။ (International Bakery & Pastry)
၇။ (Hotel Management)
၈။ HR (Human Resources Management)
၉။ (Grammar and Conversational English)

01-397449, 01-397447, 09-73159207, Email: lotushospitality2011@gmail.com

